မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၀၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အာဆီယံအင်ဂျင်နီယာအသင်းချုပ်၏ **Distinguished Honorary Fellowship** ပေးအပ်ပွဲနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည်နှင့်အညီ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရေး မြန်မာ့သိပ္ပံနှင့် နည်းပညာကဏ္ဍ တိုးတက်ရေးကို အားသွန်ကြိုးပမ်းနေရသော အချိန်ဖြစ် အင်ဂျင်နီယာပညာရပ်သည် ခေတ်မီတိုးတက်သည့် နိုင်ငံထူထောင်ရေးအတွက် အဓိကလိုအပ်နေ

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ စွမ်းဆောင်ရည်မှာ အလွန်အရေးကြီးသည့်ကဏ္ဍမှ ပါဝင်လျက်ရှိ ရှိပြီးသယံဇာတများကို ခေတ်မီနည်းပညာများအသုံးပြုပြီး တိုးတက်သည့်နိုင်ငံအဖြစ် တည်ဆောက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား အာဆီယံအင်ဂျင်နီယာအသင်းချုပ် အတွင်းရေးမှူးချုပ် **Mr. Tan Yean Chin** က အာဆီယံအင်ဂျင်နီယာအသင်းချုပ်၏ **Distinguished Honorary Fellowship** တံဆိပ်နှင့် လက်မှတ်ကို ပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၀

အာဆီယံအင်ဂျင်နီယာအသင်းချုပ်၏ Distinguished Honorary Fellowship ပေးအပ်ပွဲနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ Function Hall ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အာဆီယံအင်ဂျင်နီယာအသင်းချုပ် (AFEO) အတွင်းရေးမှူးချုပ် Mr.Tan Yean Chin နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနာယကများဥက္ကဋ္ဌ ဦးသန်းမြင့်နှင့်ဗဟိုကော်မတီဝင်များ၊ အသင်းဝင်အင်ဂျင်နီယာများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စတင်တည်ထောင်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့သည် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီး၏ (၁၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် အခမ်းအနားကြီးတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီး ပေါ်ပေါက်လာပုံနှင့်ပတ်သက်၍ အနည်းငယ်ရှင်းပြလိုကြောင်း၊

စာမျက်နှာ ၈ ကော်လံ ၁ ✻

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၁ ရက်)

အထူးစီမံကိန်းများပြီးစီးရေး ကြိုးပမ်းအကောင်အထည်ဖော်မှု တိုင်းရင်းသားပြည်သူများ လက်တွဲပါဝင် ကြိုးပမ်းဖော်ဆောင်

မြန်မာနိုင်ငံသည် ရေသယံဇာတပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်ရာ ရေအရင်းအမြစ် ဖြစ်တည်မှုပေါ်မူတည်ပြီး ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည်။

နိုင်ငံတော်အစိုးရသည် စီးပွားလုပ်ငန်းစက်ရုံကြီးများ၌ လည်ပတ်ရန်လိုအပ်သော လျှပ်စစ်ဓာတ်အား၊ စိုက်ပျိုးရေးတွင်လိုအပ်သော မြစ်ရေတင်စီမံကိန်းများ၊ ဆက်သွယ်ရေး၊ ကျန်းမာရေးစသည့်လုပ်ငန်းများတွင် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများရရှိရေးအတွက် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့က ရေအားလျှပ်စစ်စီမံကိန်းများချမှတ်၍ တည်ဆောက်လျက် ရှိသည်။

တည်ဆောက်ပြီးစီးခဲ့သည့် စီမံကိန်းခြောက်ခုရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်ဆဲစီမံကိန်း ၂၂ခု ရှိသည်။ ယင်းစီမံကိန်းများအနက် တပ်ဆင်စက်အား မဂ္ဂါဝပ် ၃၀ရှိသည့် ခပေါင်းရေအားလျှပ်စစ်စီမံကိန်းမှာ ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး မဂ္ဂါဝပ် ၄၀ရှိသော ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းမှာ တည်ဆောက်နေဆဲ ဖြစ်သည်။

ခပေါင်းရေအားလျှပ်စစ် စီမံကိန်းအပြင် တည်ဆောက်ပြီးသော ရေအားလျှပ်စစ်စီမံကိန်း ခြောက်ခုမှာ ၁၂မဂ္ဂါဝပ် ထုတ်လုပ်နိုင်အားရှိသော ဇော်ဂျီ(၂) ရေအားလျှပ်စစ်စက်ရုံ၊ မဂ္ဂါဝပ် ၂၀ရှိသော ဇောင်းတူရေအား လျှပ်စစ်စက်ရုံ၊ မဂ္ဂါဝပ် ၃၀ရှိသော သဖန်းဆိပ်ရေအားလျှပ်စစ်စက်ရုံ၊ ၇၅ မဂ္ဂါဝပ်ရှိသော မုန်းချောင်း ရေအားလျှပ်စစ်စက်ရုံ၊ မဂ္ဂါဝပ် ၂၈၀ရှိသော ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံနှင့် ၂၅ မဂ္ဂါဝပ်ရှိသော ရဲနွယ်ရေအားလျှပ်စစ်စက်ရုံတို့ ဖြစ်ကြသည်။

ရေအားလျှပ်စစ်စီမံကိန်းများမှ ထွက်ရှိသည့်ဓာတ်အားများကို မဟာဓာတ်အားလိုင်းများ၊ ပင်မဓာတ်အားခွဲရုံများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ဓာတ်အားကွန်ရက်ဖြင့် ရေအားလျှပ်စစ် သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်၊ ရေနွေးငွေ့သုံးလျှပ်စစ်နှင့် ဒီဇယ်ဆီသုံးလျှပ်စစ် စသည့် ထုတ်လုပ်ရရှိသော လျှပ်စစ်ဓာတ်အားများကိုရယူကာ နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှု ဝန်ဆောင်မှုနှင့် ပြည်သူများအသုံးပြုနိုင်ရန် နိုင်ငံတော်တစ်ဝန်း ဖြန့်ဖြူးပေးလျက် ရှိသည်။

ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိသည့် ဓာတ်အားများကို ဓာတ်အားစနစ်သို့ ဆက်သွယ်ပို့လွှတ်ရန်၊ ဓာတ်အားစနစ် တိုးတက်ကောင်းမွန်စေရန် စက်ရုံများအား ဓာတ်အားပေးနိုင်ရေးတို့အတွက် မဟာဓာတ်အားလိုင်းစီမံကိန်းကိုးခုနှင့် ပင်မဓာတ်အားခွဲရုံစီမံကိန်း ၁၉ခုကိုလည်း ဆက်လက် တည်ဆောက်သွားမှာ ဖြစ်သည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးသည့် လုပ်ငန်းများအချိန်မီပြီးစီးရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများကို အလေအလွင့်မရှိ စနစ်တကျ ဖြန့်ဖြူးပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်ပျဉ်းမနားအထက(၁) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

နေပြည်တော် ပျဉ်းမနားအထက(၁)၌ ၁၉၆၅မှ ၂၀၀၈ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများစုပေါင်း၍ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ၃၁ရက်တွင် အထက(၁)ရတနာမွန်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါနှစ်များအတွင်း ပညာသင်ကြားခဲ့ပြီး အသက်(၆၀)ပြည့် အငြိမ်းစားယူခဲ့သော ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည်ဖြစ်သည်။ ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဦးဝင်းနိုင် ဖုန်း-၀၆၇-၂၁၃၃၆၊ ဦးကျော်ငြိမ်းလွင် ဖုန်း-၀၆၇-၂၁၂၁၆၊ ဦးသန်းဦး ဖုန်း-၀၆၇-၂၁၂၇၉၊ ဦးနီနီမောင် ဖုန်း-၀၆၇-၂၁၃၆၃၊ ဦးကိုလေး ဖုန်း-၀၆၇-၂၁၆၁၂၊ ဒေါက်တာဂျူဂျူစန်း ဖုန်း-၀၆၇-၂၁၁၁၃၊ ဒေါ်ခင်မမ ဖုန်း-၀၆၇-၂၁၄၇၄၊ ဦးစိုင်းဖုန်းတင့် ဖုန်း-၀၆၇-၂၂၀၀၇၊ ဦးလှမြင့်(စိန်ဒေါင်းစတိုး) ဖုန်း-၀၆၇-၂၁၄၈၃၊ ၀၆၇-၂၂၄၈၃၊ ဦးဇော်ထက်(ကောင်းထက်လက်ဖက်ရည်ဆိုင်) ဖုန်း-၀၆၇-၂၁၃၁၆၈၊ ဦးမိုးအောင်ကျော်(ပုလဲဖိနပ်ဆိုင်) ဖုန်း-၀၆၇-၂၁၃၈၃နှင့် CB Bank Account No.0334010600 တို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၁-၁-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် **ဂျူမုံမင်းသားလေး**(အပိုင်း-၁၄)
၁၂း၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ဝိညာဉ်ချစ်သူ**
၁၃း၃၀	၆။	ကျန်းမာသုတ
၁၃း၄၅	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်**(အပိုင်း-၁၂)

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၀	၅။	စည်းကမ်းလိုက်နာဘေးကင်းကျွာ
၄း၄၅	၆။	မြန်မာသံစဉ်ချိုနှားဝင်
၄း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀	၈။	သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၃၅	၁၂။	ကမ္ဘာ့အံ့ဖွယ်မျက်လှည့် ပညာရှင်များ
၆း၄၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၄၁)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ကျန်းမာသုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၁၄)

ကျိုက္ကမီ ဒီဂျစ်တယ်အော်တိုတယ်လီဖုန်း အိတ်ချိန်းသစ်ဖွင့်ပွဲ
တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၀

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ကမီ ဒီဂျစ်တယ်အော်တိုတယ်လီဖုန်းအိတ်ချိန်းသစ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ရက်က အဆိုပါအိတ်ချိန်းသစ်၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ ပြည်နယ်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မန်နေဂျာ ဦးမျိုးဆွေတို့က ကျိုက္ကမီ ဒီဂျစ်တယ်အော်တိုတယ်လီဖုန်း အိတ်ချိန်းသစ်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်နယ်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမန်နေဂျာက ဖွင့်ပွဲအထိမ်းအမှတ်အလံများကို တိုင်းမှူးနှင့်တာဝန်ရှိသူများအား ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဒီဂျစ်တယ်အော်တိုတယ်လီဖုန်းအိတ်ချိန်းသစ်အတွင်း တယ်လီဖုန်းလိုင်း ၄၀၀ တပ်ဆင်အသုံးပြုနေမှုကို ကြည့်ရှုကြသည်။

အဆိုပါ ဒီဂျစ်တယ်အော်တိုတယ်လီဖုန်း အိတ်ချိန်းသစ်သည် နယ်လိုင်း ၄၀၀အသုံးပြုနိုင်ပြီး ကျိုက္ကမီမြို့ရှိ ရပ်ကွက်ပေါင်း(၆) ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ ဆက်သွယ်အသုံးပြုနိုင်မည် ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ကျိုက္ကမီမြို့ရှိ CDMA-450-MXZ မိုက္ကရိုဝေ့ဗ်စခန်းသို့ သွားရောက်၍ တာဝါတိုင်တည်ဆောက်ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ တပ်ဆင်နိုင်သည့် လိုင်း ၇၀၀ထုတ်လွှင့်နိုင်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၁-၂၀၀၉ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**အစွမ်းထက်သောပရိတ်များ တရားတော်** အရှင်နန္ဒောဘာသာဘိဝံသ (ကျိုက်ထိုဆရာတော်)
၇း၅၅-၁း၅၅	Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၈း၄၅-၂း၄၅	Soccer Update
၉း၀၀-၃း၀၀	**အမျိုးနှင့်မျိုး** နေမျိုးအောင်၊ မိုးပြည့်ပြည့်မောင်၊ ဇော၊ ဝင်းနိုင် (အနုပညာ)၊ တိုးကျော်၊ မိုးလေး (ဒါရိုက်တာ ဖုန်းမြင့်အောင်)
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	စိတ်ချမ်းသာ ကိုယ်ကျန်းမာ စေမှာကုမုဒြာ(အပိုင်း-၂)
၉း၄၅-၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀-၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅-၃း၅၅	စွမ်းအင်နှင့်သူတို့
၁၀း၁၅-၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀-၄း၂၀	ကမ္ဘာ့အားကစားဇာတ်ခုံ
၁၀း၄၀-၄း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅-၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅-၄း၅၅	Activities in the City (မြန်မာ့ရိုးရာရွှေရင်အေးနှင့် ကျောက်ကျောထိုးပြိုင်ပွဲ)
၁၁း၁၅-၅း၁၅	ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ငယ်သူမို့မသိပါ**
၁၁း၅၅-၅း၅၅	ခြေခြေမြစ်မြစ် နှစ်နှစ် ကာကာချစ်တဲ့ ကာလပေါ် တေးအရသာ (စန္ဒရား တင်ဝင်းလှိုင်၊ ကိုမင်းသူ)
၁၂း၁၀-၆း၁၀	International Video Topics
၁၂း၃၅-၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀-၆း၄၀	Omega-3 fatty acids
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၅၅	Wigan-Tottenham	ESPN (Live)
၁၀း၂၅	Man Utd-Chelsea	ESPN (Live)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Juventus-Siena	5-Cartoon (Live)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁၅)အခြေခံပညာမူလတန်းကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ရက်က ကျောင်းခန်းမ၌ ကျင်းပရာ သူငယ်တန်းမှတတိယတန်းအထိ လေးနှစ်ဆက်တိုက် ပညာရည်ချွန် ပထမဆုရရှိသော မောင်မင်းထက်ပြည့်စုံအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးရီက ထူးချွန်ဆုချီးမြှင့်စဉ်။ (၁၂၃)

နိုင်ငံတော်က ပိုလီယိုကာကွယ်ဆေး ကလေးတိုင်းသောက်သုံးခွင့် ရရန်ဆောင်ရွက်ပေးနေ

နိုင်ငံတော်၏စေတနာကို တုံ့ပြန်သည့်အနေဖြင့် မိမိတို့ရင်သွေးငယ်တစ်ယောက်မကျန် ကာကွယ်ဆေးတိုက်ကျွေးရန် အထူးလိုအပ်

နေပြည်တော် ဇန်နဝါရီ ၁၀

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ(၂၀၀၉) ဖွင့်ပွဲအထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ(၂၀၀၉)ဖွင့်ပွဲတွင် အသက်ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးပေးစဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သံတမန်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ် Prof Adik Wibowo၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး၊ တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာမေမာလာ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော်၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် နိုင်ငံတကာလူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစားပေးရောဂါ

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာ၌ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်း၌ရှိသည့် ကလေးများအား ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သော ရောဂါခုနစ်မျိုးမှ ကင်းဝေးအောင် ဆောင်ရွက်ခဲ့ရာတွင် ပိုလီယို အကြောသေရောဂါကို အရေးကြီးသည့် ဦးစားပေးရောဂါတစ်ခုအဖြစ် သတ်မှတ်ပြီး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံကြီးက ချမှတ်ခဲ့သည့် နိုင်ငံတကာလိုက်နာကျင့်သုံးရမည့် အပြည်ပြည်ဆိုင်ရာကျန်းမာရေးပြဋ္ဌာန်းချက် (Inter national Health Regulation)ကို အကောင်အထည်ဖော်ရာလည်းဖြစ်ကြောင်း။

ဇန်နဝါရီ၁၀ရက်က ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးစုရပ်၌ကျင်းပသော အမျိုးသားကာကွယ်ဆေးတိုက်ကျွေးခြင်း အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးနိုင်က အသက်ငါးနှစ်အောက် ကလေးငယ်တစ်ဦးအား ပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေးစဉ်။ (မြို့နယ်ပြန်/ဆက်)

ဆောင်ရွက်

ဤကဲ့သို့ဆောင်ရွက်ရာတွင် တစ်နှစ်အောက် ကလေးများအား ပုံမှန်ပိုလီယိုကာကွယ်ဆေးတိုက် လုပ်ငန်းဖြစ်သည့် ပိုလီယိုကာကွယ်ဆေးကို တစ်လခြားပြီး အနည်းဆုံးသုံးကြိမ် တိုက်ကျွေးခြင်း၊ မွေးကင်းစမှ အသက်ငါးနှစ်အထိ ကလေးများကို အမျိုးသားကာကွယ်ဆေးတိုက်နေ့များကျင်းပပြီး ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ရောဂါကူးစက်နိုင်ခြေများသည့်နေရာများ၌ အိမ်တိုင်ရာရောက်သွားရောက်၍ တစ်အိမ်တက်ဆင်း ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းများကို ဆောင်ရွက်ပေးနေကြောင်း၊ ပိုလီယိုရောဂါ ကူးစက်ပြန့်ပွားမှုရှိ၊ မရှိ လတ်တလော ပျော့ခွေအကြောသေလူနာရှာဖွေခြင်း လုပ်ငန်းကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

အရှိန်အဟုန်မြင့်

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် မြန်မာ့ရင်သွေးငယ်များ ပိုလီယိုကင်းစင်ရေးအတွက် ပုံမှန်ပိုလီယိုကာကွယ်ဆေးတိုက် လုပ်ငန်းများကို ဝေးလံခက်ခဲသည့် ကျေးလက်ဒေသများပါ မကျန်အောင် အရှိန်အဟုန်မြင့် ဆောင်ရွက်နေသကဲ့သို့အမျိုးသား ကာကွယ်ဆေးတိုက်နေ့များကိုလည်း ၁၉၉၆ ခုနှစ်မှ စပြီး ကိုးကြိမ်၊ ဒေသအလိုက် အမျိုးသားကာကွယ်ဆေး တိုက်နေ့များကို လေးကြိမ်ကျင်းပဆောင်ရွက်ခဲ့ကြောင်း။

ပိုလီယိုအရိုင်းပိုး

ဤကဲ့သို့ ဆောင်ရွက်နိုင်ခဲ့၍လည်း ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလအထိ တစ်နိုင်ငံလုံး ပိုလီယိုအရိုင်းပိုးကူးစက်မှုမရှိဘဲ ကင်းစင်ခဲ့ကြောင်း၊ သို့ရာတွင် ၂၀၀၇ ခုနှစ် မတ်လတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်သို့ အိမ်နီးချင်းနိုင်ငံမှ ပိုလီယိုအရိုင်းပိုး ကူးစက်ဝင်ရောက်ခဲ့သည့်အတွက် ရခိုင်ပြည်နယ်မောင်တောမြို့၌ ပိုလီယိုအရိုင်းပိုး ကူးစက်ပျံ့နှံ့ခဲ့ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ယင်းသို့ ပိုလီယိုအရိုင်းပိုးကူးစက်မှုကို လျင်မြန်ထိရောက်စွာ အချိန်မီထိန်းချုပ်နိုင်ခဲ့၍ ယခုအချိန်ထိ နောက်ထပ်ပိုလီယိုအရိုင်းပိုး ကူးစက်မှု မရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ထိရောက်စွာ

မြန်မာနိုင်ငံအနေဖြင့် ပိုလီယိုကင်းစင်မှုအခြေအနေကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက တစ်နှစ်အောက် ကလေးများအတွက် ပုံမှန်ကာကွယ်ဆေးတိုက်လုပ်ငန်းကို ထိရောက်စွာ ဆောင်ရွက်နေသကဲ့သို့ တစ်နိုင်ငံလုံးရှိ မွေးကင်းစမှ ငါးနှစ်အထိ ကလေးအားလုံးကို ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးနိုင်ရန်အတွက် ယခုကဲ့သို့ အမျိုးသား ကာကွယ်ဆေးတိုက်နေ့များကို ကျင်းပဆောင်ရွက်နေရ ခြင်းဖြစ်ကြောင်း။

ရာနှုန်းပြည့်

ယခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို ပထမအကြိမ် အနေဖြင့် ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၀ရက်မှ ၁၂ ရက်အထိလည်းကောင်း၊ ဒုတိယအကြိမ် အနေဖြင့် ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ၇ရက်မှ ၉ရက်အထိလည်းကောင်း၊ တစ်နိုင်ငံလုံးရှိ မြို့နယ်ပေါင်း ၃၂၅မြို့နယ်ရှိ မွေးကင်းစမှ ငါးနှစ်အထိ ကလေးပေါင်း ၇၁သမ၂၃သန်းကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးနိုင်ရန် ရည်မှန်းထားပြီး လွှမ်းခြုံမှုရာနှုန်းပြည့် ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အချိန်နှင့်တပြေးညီ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာများ၊ နယ်စပ်ဒေသများ၊ ဝေးလံခေါင်ဖျားသည့် ကျေးရွာများ၊ အထူးဒေသများ၌ရှိသည့် ရင်သွေးငယ်များကိုပါမကျန် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးနိုင်ရန် တိုင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအဆင့်အထိ စီမံချက်များ ရေးဆွဲပြီး အချိန်နှင့်တပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ဝေးလံ ခက်ခဲသည့်ဒေသများအတွက် တပ်မတော်က ရဟတ်ယာဉ်များ အကူအညီဖြင့် ဆောင်ရွက်ပေးသွားမှာဖြစ် ကြောင်း။

အထူးလိုအပ်

ပိုလီယိုရောဂါသည် မဖြစ်မီ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပြီး ကြိုတင်ကာကွယ်ထားသင့်ကြောင်း၊ ရောဂါကူးစက်ခံရပြီဆိုလျှင် ရင်သွေးငယ်များသည် ငယ်စဉ်ကတည်းက ဒုက္ခိတဘဝ ရောက်သွားနိုင်သည့် ရောဂါမျိုးဖြစ်ကြောင်း၊ နိုင်ငံတော်က မိမိရင်သွေးငယ်များ ကျန်းမာရန်အတွက် တိုက်ကျွေးပေးမည့် ပိုလီယိုကာကွယ်ဆေးကို ကလေးတိုင်း သောက်သုံးခွင့်ရရှိစေရန် ဆောင်ရွက်ပေးနေသကဲ့သို့ နိုင်ငံတော်၏ စေတနာကို တုံ့ပြန်သည့် အနေဖြင့် မိဘပြည်သူများအနေဖြင့် မိမိတို့ ရင်သွေးငယ်တစ်ယောက်မကျန် ပိုလီယိုကာကွယ်ဆေးတိုက်စုရပ်များသို့ ခေါ်ဆောင်သွားပြီး ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးကြရန် အထူးလိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ပြသထားသော အမျိုးသားကာကွယ်ဆေးတိုက်နေ့များ၂၀၀၉ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

လက်ဆောင်ပေး

ယင်းနောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကျန်းမာရေးဝန်ကြီးဌာန၏ ခန်းမရှေ့ရှိ ပိုလီယိုကာကွယ်ဆေးတိုက်စုရပ်၌ အသက်ငါးနှစ်အောက်ကလေးငယ် ၇၀အား ပိုလီယိုကာကွယ်ဆေး ကိုယ်တိုင်တိုက်ကျွေးကြပြီး ကလေးငယ်များအား ကစားစရာအရုပ်များ လက်ဆောင်ပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များသည် နေပြည်တော် ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားခန်းမသို့ သွားရောက်ကြပြီး ခန်းမရှေ့ရှိ အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၀၉ အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနား မုခ်ဦးရှေ့တွင် ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦး၊ ဒေါက်တာပိုင်စိုးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အားကစားခန်းမရှိ ပိုလီယိုကာကွယ်ဆေးတိုက် စုရပ်၌ အသက်ငါးနှစ်အောက် ကလေး ၁၅၀ကျော်တို့အား ကာကွယ်ဆေးတိုက်ကျွေးကြကာ ကစားစရာ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

တိုက်ကျွေးသွားမည်

အလားတူ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပိုလီယိုကာကွယ်ဆေးတိုက် စုရပ်များတွင် ယနေ့နံနက်ပိုင်းမှစ၍ ဇန်နဝါရီ ၁၂ရက်အထိ ပထမအကြိမ်အဖြစ် အသက် ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တစ်ပြိုင်တည်း တိုက်ကျွေးလျက်ရှိပြီး ဒုတိယအကြိမ်အဖြစ် ဖေဖော်ဝါရီ ၇ရက်မှ ၉ရက်အထိ ကာကွယ်ဆေးတိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ကလေးငယ်များ အမျိုးသားကာကွယ်ဆေးတိုက်ကျွေး

ရန်ကုန် ဇန်နဝါရီ ၁၀

မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၀၉ဖွင့်ပွဲကို ဇန်နဝါရီ ၁၀ရက် နံနက်၇နာရီက သပြေကုန်းရပ်ကွက် ၁၂၃လမ်း အောင်သပြေမွှောရုံရှေ့၌ကျင်းပခဲ့ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို မြို့နယ်ကျန်းမာရေးဦးစီးအရာရှိ ဒေါက်တာဒေါ်ဥမ္မာမြင့်နှင့် လူမှုရေးအဖွဲ့အစည်းများက မွေးစမှ ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုအကြောသေ ရောဂါကာကွယ်ဆေးတိုက်ကျွေး ဖွင့်လှစ်လိုက်သည်။ **(အပေါ်ပုံ)**

တိုက်ကျွေးခဲ့

မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၀ တွင် ဆေးတိုက်အဖွဲ့၄၀ဖြင့် အသက်ငါးနှစ်အောက်ကလေး ၁၅၀၂ဦးကို လူမှုရေးအဖွဲ့အစည်းများပါဝင်၍ ဆေးတိုက်ကျွေးကြသည်။ ကာကွယ်ဆေးတိုက်ကျွေးလွှမ်းခြုံမှု ရာနှုန်းပြည့်မီကျော်လွန်နိုင်ရန် လူအုပ်စုများ အဝင်အထွက်များသော ရန်ကုန်ဘူတာကြီး၊ တိရစ္ဆာန်ဥယျာဉ်၊ ကန်တော်ကြီးဘက်စုံအားကစားကွင်း၊ ယုဇနပလာဇာဈေးကြီးများတွင်ပါရွေ့လျားဆေးတိုက်အဖွဲ့လေးဖွဲ့တို့က ညနေ ၅နာရီအထိ ငါးနှစ်အောက်ကလေးငယ်များကို ကာကွယ်ဆေးတိုက်ကျွေးခဲ့ကြသည်။ (၁၂၃)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၉ ခုနှစ် ဇန်နဝါရီလအတွက်

(၁၁-၁-၂၀၀၉)ရက်နေ့

နှင့်

(၂၅-၁-၂၀၀၉)ရက်နေ့

ရုရှားနှင့်ယူကရိန်း ဓာတ်ငွေ့ပြဿနာ ဥရောပရေးရာကိစ္စမဟုတ်ဟု ချက်သမ္မတ ပြောကြား

ပရာဟား ဇန်နဝါရီ ၁၀

ရုရှားနှင့် ယူကရိန်းအကြား ဓာတ်ငွေ့ဖြန့်ဖြူးမှုနှင့်စပ်လျဉ်း၍ ဖြစ်ပွားသည့် လက်ရှိအငြင်းပွားမှုမှာ ဥရောပရေးရာကိစ္စမဟုတ်ကြောင်း၊ သို့သော် ရုရှားနှင့်ယူကရိန်းတို့အကြားမှ စီးပွားရေးကိစ္စတစ်ခုသာဖြစ်ကြောင်း ချက်သမ္မတ ဗားဘလက်ကလော့စ်က ဇန်နဝါရီ ၇ရက်တွင် ပြောကြားလိုက်သည်။

ပြောကြား

ချက်သမ္မတနိုင်ငံသို့ လာရောက်ကြသည့် ဥရောပကော်မရှင်အဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် ချက်သမ္မတကလော့စ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

ဆွေးနွေး

ချက်သမ္မတနိုင်ငံသည် ဥရောပသမဂ္ဂ(အီးယူ)၏ လက်ရှိအလှည့်ကျ သဘာပတိနေရာတွင် ရယူလျက်ရှိသည်။ ဓာတ်ငွေ့အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ချက်သမ္မတကလော့စ်က ယူကရိန်းသမ္မတ ဗစ်တာယူရှင်ကိုနှင့် တယ်လီဖုန်းဆက်သွယ် ဆွေးနွေးပြီးဖြစ်သည်။ ဥရောပသမဂ္ဂ(အီးယူ)နိုင်ငံများ၏ ဓာတ်ငွေ့သုံးစွဲမှု လေးပုံတစ်ပုံခန့်ကို ရုရှားနိုင်ငံမှ ဝယ်ယူတင်သွင်းနေရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရထားရဲတပ်ဖွဲ့ဝင်များလေ့ကျင့်

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ်တွင် ဆောင်းရာသီပွဲတော်ကာလအတွင်း လုံခြုံရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် ရထားရဲတပ်ဖွဲ့ဝင်များ လေ့ကျင့်မှု ပြုလုပ်နေကြသည်ကို ဇန်နဝါရီ ၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းတိုက်ခိုက်မှု အာဖဂန်တောင်ပိုင်းတွင် ၁၇ဦး သေဆုံး

ကဘူးလ် ဇန်နဝါရီ ၁၀

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များက အာဖဂန်နစ္စတန်နိုင်ငံ လက်မင်ပြည်နယ်၌ ဇန်နဝါရီ ၉ရက်က စီးနင်းတိုက်ခိုက်မှုများကြောင့် အမျိုးသမီးနှင့် ကလေးငယ်များအပါအဝင် ၁၇ဦး သေဆုံးခဲ့မှုနှင့် ပတ်သက်ပြီး အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက ပြစ်တင်ရှုတ်ချလိုက်သည်။

စီးနင်းတိုက်ခိုက်

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များက လက်နက်ကိုင်တိုက်ခိုက်ရေးသမားများကိုသာ ရွေးချယ်တိုက်ခိုက်ခြင်းဟုဆိုသော်လည်း အရပ်သားများ သေဆုံးမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

တာလီဘန်လက်နက်ကိုင်များက အမေရိကန်တို့စစ်ယာဉ်တန်းကို လမ်းဘေး ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သဖြင့် ယခုကဲ့သို့ စီးနင်းတိုက်ခိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ဒဏ်ရာရရှိ

ထို့အပြင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များကို အာဖဂန်နစ္စတန်တောင်ပိုင်း ကန်ဒါဟာပြည်နယ် မေဝန်ခရိုင်အတွင်း အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အရပ်သားသုံးဦး အပါအဝင် ကလေးငယ် ကိုးဦး ဒဏ်ရာရရှိခဲ့သည်။ **(အင်တာနက်)**

ထရပ်ကားအရှိန်လွန်

အမေရိကန်နိုင်ငံ ဘော့စတွန်မြို့တွင် ထရပ်ကားတစ်စီး အရှိန်လွန်ကာ အဆောက်အအုံအတွင်း ထိုးဝင်သွားသည်ကို ဇန်နဝါရီ ၉ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အယ်လ်ခိုင်ဒါ စစ်ဆင်ရေးမှူး ပါကစ္စတန်နိုင်ငံတွင် သေဆုံးသွားပြီဟုဆို

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၀

ပါကစ္စတန်နိုင်ငံအတွင်း အယ်လ်ခိုင်ဒါစစ်ဆင်ရေးမှူး အူစမာအယ်ကီနီနှင့် အခြားသော အယ်လ်ခိုင်ဒါ ထိပ်တန်းလက်ထောက်တစ်ဦးဖြစ်သူ ရှိတ်အာမက်ဆက်တို့ သေဆုံးသွားပြီဟု ယုံကြည်ရကြောင်း အမေရိကန်အကြမ်းဖက်မှုတိုက်ဖျက်ရေး အရာရှိများက ပြောကြားသည်။

သေဆုံး

ပါကစ္စတန်နိုင်ငံ တောင်ဝါဇီရစ္စတန်ပြည်နယ် အာဖဂန်နစ္စတန်နယ်စပ်အနီး၌ ဇန်နဝါရီ၁ရက်တွင် အမေရိကန်မောင်းသူမဲ့လေယာဉ်က ဒုံးကျည်များဖြင့် ပစ်ခတ်စဉ် နှစ်ဦးစလုံး သေဆုံးသွားခြင်း ဖြစ်သည်ဆိုသည်။

ကြိုးကိုင်စီစဉ်

၂၀၀၈ခုနှစ် စက်တင်ဘာလအတွင်း လူပေါင်း ၅၅ဦးသေဆုံးရသည့် အစ္စလမ္မာဘတ်မြို့ မားရီယော့ဟိုတယ်ကို ကားဗုံးခွဲတိုက်ခိုက်မှုတွင် အူစမာအယ်ကီနီသည် နောက်ကွယ်မှ ကြိုးကိုင်စီစဉ်ခဲ့သည်ဟု ယူဆသည်။

ပါဝင်

သူတို့နှစ်ဦးသည် ကင်ညာနိုင်ငံ၌ မွေးဖွားခဲ့သူများဖြစ်ပြီး ၁၉၉၈ခုနှစ်က ကင်ညာနှင့် တန်ဇန်းနီးယားနိုင်ငံရှိ အမေရိကန်သံရုံးများ ဗုံးခွဲတိုက်ခိုက်မှုတွင် ပါဝင်ခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

ဖယ်ရှား

အီတလီ နိုင်ငံ မီလန်မြို့ အဝေးပြေးလမ်းမ တစ်နေရာ၌ ဇန်နဝါရီ ၁၀ရက်က နှင်းများ ထူထပ် သိပ်သည်းစွာ ကျဆင်းမှုကြောင့် ကားများ ပိတ်ဆို့မှုဖြစ်နေသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်ကောင်၌ ဇန်နဝါရီ ၁၀ရက်က ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသောကားကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နေတိုးတပ်ဖွဲ့ဝင်သုံးဦး အာဖဂန်နစ္စတန်၌ သေဆုံး

ကဘူး ဇန်နဝါရီ ၁၀

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဇာဘူးလ်ပြည်နယ်တွင် နေတိုးအဖွဲ့ဝင်များ စီးနင်းလိုက်ပါသည့် မော်တော်ယာဉ်က လမ်းဘေးတွင်ထောင်ထားသည့် ဗုံးတစ်လုံးကို သောကြာနေ့က တက်နင်းမိပြီး ပေါက်ကွဲသဖြင့် လိုက်ပါလာသည့် နေတိုးတပ်ဖွဲ့ဝင်သုံးဦး သေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောဆိုသည်။

ဇာဘူးလ်ပြည်နယ်အတွင်း စစ်ဆင်ရေး၌လည်း အရပ်သားငါးဦး သေဆုံးကြောင်း သိရသည်။

အာဖဂန်နစ္စတန် တောင်ပိုင်းတွင် သောကြာနေ့က နေတိုးတပ်ဖွဲ့ဝင် သုံးဦး သေဆုံးကြောင်း နေတိုးအဖွဲ့ ဦးစီးသည့် အိုင်အက်စ်အေအက်ဖ်က စာစောပိုင်းတွင် အတည်ပြု ကြေညာသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အနောက်ဆာဟာရ အထူးသံတမန်ခန့်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရည်ရွယ်

ဂျီနီဗာ ဇန်နဝါရီ ၁၀

အာဖရိကတိုက် အနောက်ဆာဟာရ အကျပ်အတည်းတွင် ကြားဝင်ဆောင်ရွက်ပေးရေးအတွက် ခရစ္စတိုဖာရော့စ်အား အထူးသံတမန်အဖြစ်ခန့်အပ်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ရည်ရွယ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

အဆိုပြု

အနောက်ဆာဟာရဒေသ အများအပြားကို ထိန်းချုပ်ထားသည့် မော်ရိုကိုနိုင်ငံက တစ်စိတ်တစ်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အဆိုပြုသည်။ သို့သော် ယင်းကိစ္စကို ပြည်သူ့ဆန္ဒခံယူပွဲဖြင့် ဆုံးဖြတ်ရန် လွတ်လပ်ရေးတိုက်ပွဲဝင်နေသည့် ပိုလီဆာရီယိုတစ်ဦးက လိုလားသည်။

ဆွေးနွေး

၁၉၉၁ခုနှစ်ကတည်းက အပစ်အခတ်ရပ်စဲရေး ဆွေးနွေးခဲ့ကြသော်လည်း နှစ်ဖက်ညှိနှိုင်းမရသည့်အတွက် စေ့စပ်ဆွေးနွေးမှုများ ရှေ့မတိုးနောက်မဆုတ် ဖြစ်နေခဲ့သည်။

(အင်တာနက်)

နိုင်ငံတကာမှုခင်း

ကံကြမ္မာက ရှင်ကွဲ ခွဲခဲ့လေသောအခါ....

ဂိုင်နက်ဗီလီမြို့လေးသည် အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ်တွင်ရှိသော မြို့တစ်မြို့ဖြစ်သည်။ ယင်းမြို့လေးသည် လူဦးရေသုံးသိန်းနီးပါးနေထိုင်သော မြို့လေးဖြစ်သဖြင့် အတန်အသင့်စည်ကားပြီး သာယာလှပသည်။

လက်ထပ်ခဲ့

ယင်းမြို့ဇာတိများဖြစ်ကြသည့် ဝိန်းစမောလ်ဝုဒ်နှင့် ဘီလီဂျို**(ယာပုံ)**တို့သည် လွန်ခဲ့သော ၁၂ နှစ်ဖြစ်သည့် ၁၉၉၆ ခုနှစ်က တစ်ဦးနှင့်တစ်ဦး ချစ်ခင်စုံမက်ကြကာ လက်ထပ်ခဲ့ကြသည်။ ထိုစဉ်က ဝိန်းစမောလ်သည် ၃၃ နှစ်အရွယ်သာရှိသေးပြီး ဘီလီဂျိုမှာ ၂၃ နှစ်သာရှိသေးသဖြင့် သူတို့ဇနီးမောင်နှံမှာ အသက် ၁၀နှစ်ကွာသည်။ ဝိန်းသည် ထိုစဉ်ကတည်းက အမေရိကန်တပ်မတော်၌ စစ်ဘက်အရာရှိပေါက်စတစ်ဦး ဖြစ်နေပေပြီ။

မွေးဖွား

လက်ထပ်ပြီးနောက် ဘီလီဂျိုသည် ခင်ပွန်းသည်ဝိန်း တာဝန်ကျရာ တင်နက်ဆီပြည်နယ်နှင့် ကင်တပ်ကီပြည်နယ်နှစ်ခုအကြား နယ်စပ်ဒေသတွင်ရှိသည့် တပ်မတော်စစ်စခန်းသို့ လိုက်ပါနေထိုင်ခဲ့သည်။ သူတို့ဇနီးမောင်နှံသည် လက်ထပ်ပြီးမကြာမီ ၁၉၉၈ ခုနှစ်တွင် သားအကြီး ဆမ်ဖာဂန်စမောလ်ဝုဒ်၊ ၂၀၀၂ ခုနှစ်တွင် သမီးလတ် နီဗာအက်ချ်စမောလ်ဝုဒ်နှင့် ၂၀၀၅ ခုနှစ်၌ အငယ်ဆုံးသား ရီဘီကက်ချ်တို့ကို အသီးသီး မွေးဖွားခဲ့ကြသည်။

ချစ်ချစ်ခင်ခင်

ဝိန်းသည် သူ့အောက် ၁၀နှစ်ငယ်သောဇနီးသည် ဘီလီဂျိုစမောလ်ဝုဒ်အား ချစ်ခင်အလိုလိုက်သကဲ့သို့ ဘီလီဂျိုကလည်း ခင်ပွန်းသည်ဝိန်းအပေါ် သစ္စာရှိကာ ဇနီးတာဝန်ကျေပွန်သူတစ်ဦးဖြစ်ပြီး အပေးအယူညီမျှစွာ ချစ်ချစ်ခင်ခင် နေထိုင်ခဲ့ကြသည်။ ဘီလီဂျိုသည် ခင်ပွန်းသည်အပေါ်တွင် တာဝန်ကျေပွန်ရုံသာမက သားသမီးသုံးဦးအပေါ်၌လည်း တာဝန်မလစ်ဟင်းရအောင် အိမ်ထောင်မှုကျေပွန်သူဖြစ်သည်။

ဖွဲဖောက်စပြု

ဝိန်းနှင့် ဘီလီဂျိုတို့သည် သားအကြီးဆုံး ဆမ်ဖာဂန်အား ကျောင်းထားခဲ့ရာ မူလတန်းအထက်ဆင့်သို့ပင်ရောက်ရှိနေပေပြီ။ သမီးအလတ် နီဗာအက်ချ်သည်ပင် သူငယ်တန်းတွင် ပညာသင်ကြားရန် စိုင်းပြင်းနေပေပြီ။ ထိုအချိန်တွင် အငယ်ဆုံးသား ရီဘီကက်ချ်လေးမှာ အသက် နှစ်နှစ်အရွယ်သာရှိသေးပြီး မိခင်နို့သောက်စို့စဉ် အရွယ်ပင်ရှိသေးသည်။ သားသမီးများ ထိုအရွယ်သို့ရောက်လာသည့်အချိန်တွင်မှ ဝိန်းသည် အသောက်အစားနှင့် မူးယစ်ဆေးဝါး သုံးစွဲတတ်စပြုလာသည့်အတွက် ဖွဲဖောက်စပြုလာသည်ဟု ဆိုရမည်ဖြစ်ပြီး ဇနီးသည်ဘီလီဂျိုနှင့်လည်း ယင်းကိစ္စနှင့်ပတ်သက်၍ မကြာခဏ အချေအတင် စကားများခဲ့ကြရသည်။

မီးလောင်

၂၀၀၇ခုနှစ် မေလတွင်မှ သူတို့မိသားစုနေထိုင်ရာ တိုက်ခန်း၌ ညအချိန်မီးလောင်မှု ဖြစ်ပွားခဲ့သည်။ ထိုသို့မီးလောင်ခဲ့မှုကြောင့် အသက်ကိုးနှစ်အရွယ်ရှိ သားကြီး ဆမ်ဖာဂန်စမောလ်ဝုဒ်နှင့် အသက် နှစ်နှစ်အရွယ် သားအငယ်ဆုံး ရီဘီကက်ချ်စမောလ်ဝုဒ်တို့ သေဆုံးခဲ့သည်။ အသက်ငါးနှစ်အရွယ်ရှိ မတ်တတ်ပြေးနေသည့် သမီးလတ် နီဗာအက်ချ်မှာမူ ဒဏ်ရာရခြင်း မရှိခဲ့ချေ။

ဝိန်းသည် သူ့အောက် ၁၀နှစ်ငယ်သော ဇနီးသည် ဘီလီဂျိုစမောလ်ဝုဒ်အား ချစ်ခင် အလိုလိုက်သကဲ့သို့ ဘီလီဂျိုကလည်း ခင်ပွန်းသည်ဝိန်းအပေါ်သစ္စာရှိကာ ဇနီးတာဝန် ကျေပွန်သူတစ်ဦးဖြစ်ပြီး အပေးအယူညီမျှစွာ ချစ်ချစ်ခင်ခင် နေထိုင်ခဲ့ကြသည်။ ဘီလီဂျိုသည် ခင်ပွန်းသည်အပေါ်တွင် တာဝန်ကျေပွန်ရုံသာမက သားသမီး သုံးဦးအပေါ်တွင်လည်း တာဝန် မလစ်ဟင်းရအောင် အိမ်ထောင်မှု ကျေပွန်သူဖြစ်။

ဒဏ်ရာအနည်းငယ်ရရှိ

ယင်းမီးလောင်မှုတွင် ဝိန်းစမောလ်ဝုဒ်မှာ တိုက်ခန်း၏ ဒုတိယထပ်ပြတင်းပေါက်မှ ခုန်ချခဲ့သဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့သော်လည်း ခြေထောက်၌ ဒဏ်ရာ ရရှိခဲ့သည်။ ဘီလီဂျိုစမောလ်ဝုဒ်မှာမူ မီးလောင်ဒဏ်ရာ အနည်းငယ်သာ ရရှိခဲ့သည်။

အခွင့်မသာ

ဝိန်းစမောလ်ဝုဒ်သည် အခင်းဖြစ်ချိန်မတိုင်မီကတည်းက အသက်အာမခံ ဒေါ်လာ လေးသိန်းထားရှိခဲ့သည်။ ထို့ကြောင့် ဘီလီဂျိုစမောလ်ဝုဒ်မှာ ခင်ပွန်းသည် ဝိန်း၏ အသက်အာမခံငွေ အမေရိကန်ဒေါ်လာ လေးသိန်းကို လိုချင်သောကြောင့် ဝိန်းအား မီးရှို့ပြီး သေကြောင်းကြံစည်သည်ဟု အစွပ်စွဲခံခဲ့ရကာ တရားစွဲဆိုခံခဲ့ရသည်။ ထို့အပြင် စစ်တပ်ပိုင်တိုက်ခန်းကို မီးရှို့ခဲ့သဖြင့် နိုင်ငံတော်ပိုင်ပစ္စည်းကို ပျက်စီးဆုံးရှုံးစေသည်ဟု ထပ်မံတရားစွဲဆိုခြင်း ခံရပြန်သည်။ ထို့ကြောင့် ဘီလီဂျိုသည် အခင်းဖြစ်ပွားမှုနှင့် အခြေခံအကြောင်းအရာများ တိုက်ဆိုင်နေသဖြင့် သူမ မကျူးလွန်ခဲ့သော ဖြစ်ရပ်များကို ငြင်းဆန်ရန် အခွင့်မသာခဲ့ချေ။

စစ်ဆေးကြားနာခဲ့

ဘီလီဂျို၏အမှုကို ပြီးခဲ့သည့် ၂၀၀၈ခုနှစ် ဒီဇင်ဘာ၁၀ရက်က ကင်တပ်ကီပြည်နယ်သို့ လွှဲပြောင်းစစ်ဆေးခဲ့သည်။ ထိုသို့လွှဲပြောင်းစစ်ဆေးရာတွင် မီးလောင်စဉ် တိုက်ခန်းကို အထဲမှသော့ခတ်ပိတ်ထားကြောင်း၊ မီးလောင်လျှင် အချက်ပေးတတ်သည့် မီးအချက်ပေးကိရိယာများကို ဖြုတ်ထားခဲ့ကြောင်းလည်း တရားရုံးက စစ်ဆေးကြားနာခဲ့သည်။

ပြန်လွှတ်ပေး

မီးလောင်မှုဖြစ်ပွားပြီး မကြာမီကာလက ဝိန်းစမောလ်ဝုဒ်နှင့် ဘီလီဂျိုစမောလ်ဝုဒ်တို့ ဇနီးမောင်နှံနှစ်ဦးစလုံးအား ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ သို့သော် နောက်ပိုင်းတွင် ဝိန်းအား သံသယတရားခံစာရင်းမှ ပယ်ဖျက်ကာ ပြန်လွှတ်ပေးခဲ့သည်။

တညီတညွတ်

ဝိန်းသည် ၂၀၀၈ခုနှစ် နိုဝင်ဘာ၂၂ရက်က ဇနီးသည် ဘီလီဂျို တရားရုံးတွင် တရားရင်ဆိုင်စဉ် အပြစ်မဲ့ဇနီးသည်ဘက်မှ ခုခံချေပရန် မိမိရောက်ရှိလာခြင်းဖြစ်ကြောင်း တရားရုံး၌ ထွက်ဆိုခဲ့သည်။ ထို့အပြင် ဝိန်း၏ ဆွေမျိုးသားချင်းများကလည်း ဝိန်း၏ ဇနီးသည် ဘီလီဂျိုဘက်မှ ခုခံကာကွယ်ချေပခဲ့သည်။ ထိုမျှသာမက ၎င်းတို့သည် ဘီလီဂျိုအပေါ်တွင် မေတ္တာမပျက် ချစ်ခင်ဆဲပင်ဖြစ်ကြောင်းလည်း တစ်ညီတညွတ်တည်း ပြောကြားခဲ့ကြသည်။ ဘီလီဂျို၏အမှုကို ဆက်လက်ကြားနာစစ်ဆေးလျက်ရှိသည်။

မည်သို့ပင်ဖြစ်စေ ယခုဖြစ်ရပ်တွင် ဘီလီဂျိုစမောလ်ဝုဒ်သည် ကောင်းမွန်စွာ နေထိုင်ခဲ့ပါသော်လည်း ကံကြမ္မာအခန့်မသင့်မှုကြောင့် မီးလောင်မှုတွင် အခြေခံ အကြောင်းအရင်းများက သူမအား တရားခံအဖြစ်သို့ တွန်းပို့နေခဲ့သည်။ သို့သော်လည်း သူမ၏ စေတနာကံမှန်မှုကြောင့် သူမ၏ ခင်ပွန်းသည် ဝိန်းစမောလ်ဝုဒ်နှင့် ၎င်း၏ ဆွေမျိုးများက သူမ၏ဘက်တွင် မားမားမတ်မတ် ရပ်တည်နေခဲ့သဖြင့်သာ တော်တော့သည်။ ဘီလီဂျိုစမောလ်ဝုဒ်အနေဖြင့် သံသယနွံအတွင်းမှ လွတ်မြောက်ခြင်းရှိမရှိကို သေချာစွာ မသိနိုင်သေးသော်လည်း ယခုလောလောဆယ်တွင် ခင်ပွန်းသည် ဝိန်းစမောလ်ဝုဒ်၊ သမီးလတ် နီဗာအက်ချ်တို့နှင့် ကံကြမ္မာကြောင့် ရှင်ကွဲခွဲနေရသော အဖြစ်ကို ရေးသားဖော်ပြလိုက်ရပါကြောင်း။ ॥ (ကိုးကား-အင်တာနက်)

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

အာကာသသိပ္ပံ

အာကာသအတွင်း လည်ပတ်နေသော ကြယ်တာရာတစ်ခုတွေ့ရှိ

နာဆာသုတေသနပညာရှင်များက ဟူဘယ်လ်အာကာသ အဏုကြည့်မှန်ပြောင်းကို အသုံးပြုပြီး ရှာဖွေသုတေသနပြု လေ့လာခဲ့ရာ အာကာသအတွင်း ပင်နယန်ဘီးတစ်ခုကဲ့သို့ လည်ပတ်နေသော ကြယ်တာရာတစ်ခုကို တွေ့ရှိရသည်ဟုဆိုသည်။

အလင်းတန်းများထွက်ရှိ

အဆိုပါ ကြယ်တာရာသည် အနီရောင်နှင့်လိမ္မော်ရောင်များ ပေါင်းစပ်ဖြစ်ပေါ်လျက်ရှိပြီး အခြားကြယ်တာရာများအကြား ထင်ရှားစွာတွေ့မြင်ရကြောင်း၊ တောက်ပသော အလင်းတန်းများလည်းထွက်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။

ရွေ့လျားပြောင်းလဲနေ

ယင်းကြယ်တာရာ၏ လည်ပတ်နေမှုမှာ နာရီလက်တံကဲ့သို့ လည်နေခြင်းဖြစ်ပြီး တစ်နေရာတည်း ရပ်တည်နေခြင်းမရှိဘဲ ရွေ့လျားပြောင်းလဲနေကြောင်း တွေ့မြင်ရသည်ဟု နာဆာသုတေသနပညာရှင်များက ဆက်လက်ပြောကြားသည်။

လှိုင်းသဖွယ်ဖြစ်တည်

ကြယ်တာရာ၏ အနီးဝန်းကျင်တွင် အာကာသအတွင်း လွင့်မျောနေသော ဒြပ်မှုန်လေးများက လှိုင်းသဖွယ်ဖြစ်တည်နေလျက်ရှိကြောင်း နာဆာသုတေသနပညာရှင်များက ဓာတ်ပုံနှင့်တကွ သတင်းထုတ်ပြန်ထားသည်။ **(အင်တာနက်)**



အင်တာနက် ကျန်းမာရေး

နံနက်စာအဖြစ် ငှက်ပျောသီးနှင့် နွားနို့ သုံးဆောင်ပါလျှင် အဆစ်အမျက်ရောင်ရောဂါများ မဖြစ်ပွားနိုင်ဟုဆို

နံနက်စောစော အစားအစာအဖြစ် ငှက်ပျောသီးတစ်လုံးနှင့် အဆီထုတ်ထားသော နွားနို့တစ်ခွက်ကို ပုံမှန်သောက်သုံးပါက အသက်အရွယ်ရလာသည့်အခါ အဆစ်အမျက်ရောင်ရောဂါ မဖြစ်ပွားနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

လျှော့ချပေး

ငှက်ပျောသီးတွင်ပါရှိသော ဗီတာမင်နှင့်အမျှင်ဓာတ်များက အရေပြားတွင်ဖြစ်ပွားတတ်သော ကင်ဆာအမျိုးမျိုးကို ကာကွယ်ပေးနိုင်သည်။ ထို့အပြင် သွေးအတွင်းကိုလက်စထရောများနေမှုကိုလည်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

နံနက်စောစောစာအနေဖြင့် သစ်သီးနှင့်သစ်သီးဖျော်ရည်များကို ပုံမှန်စားသုံးခြင်းသည်လည်း အခြားအစားအစာများ စားသုံးခြင်းထက် စွမ်းအင်နှင့် အာဟာရဓာတ် ပိုမိုရရှိစေကြောင်း ၎င်းတို့က ပြောကြားသည်။

ပုံမှန်စားသုံးသင့်

ထို့အတူ ငှက်ပျောသီးတစ်လုံးနှင့် နွားနို့တစ်ခွက်သည် ပရိုတိန်း၊ ဗီတာမင်အေ၊ ဗီတာမင်ဘီ-၁၂၊ ဖောလစ်အက်စစ်နှင့် ဖော့စပရပ်စ်တို့ပါဝင်ကြောင်း ခန္ဓာကိုယ်အတွက် အရေးကြီးသောဓာတ်များဖြစ်သဖြင့် ပုံမှန်စားသုံးသင့်ကြောင်း သုတေသနပြုချက်၌ ဖော်ပြထားသည်။

ဘဝအမောပြေ

ဖြစ်ရလေ....

ဩစတြေးလျနိုင်ငံ ကျွန်းတစ်ကျွန်းတွင်နေထိုင်ပြီး မဲလ်ဘုန်းမြို့သို့ ကူးတို့စက်လှေဖြင့် အသွားအပြန်အလုပ်ဆင်းနေသူ ဂျွန်စမစ်သည် တစ်နေ့၌ မိုးချုပ်မှအလုပ်ဆင်းလာရာ ကူးတို့စက်လှေပေါ် တက်လာလေသည်။

ကူးတို့မောင်းသူ ॥ ॥ မစ္စတာစမစ်၊ ကျွန်တော်တို့ ကူးတို့မထွက်တော့ဘူး။

စမစ် ॥ ॥ ဒါဆို နောက်တစ်စင်းပြောင်းစီးမယ်။

ဒုတိယကူးတို့ ॥ ॥ ကျွန်တော်တို့လည်း မထွက်တော့ဘူး။ ဒီနေ့နားပြီ။

စမစ် ॥ ॥ နောက်တစ်စင်းပေါ့။

တတိယကူးတို့ ॥ ॥ "မစ္စတာစမစ် တက်ပါ၊ အခုပဲကူးတို့ထွက်တော့မယ်"ဟု ဆိုကာ ကမ်းမှခွာပြီး မကြာမီအင်ဂျင်ချွတ်ယွင်းသွားသဖြင့် ကမ်းသို့ ပြန်ကပ်လာခဲ့သည်။ မိသားစုနှင့် ညစာအတူစားရန် ချိန်းထားသဖြင့် နောက်ကျနေသော မစ္စတာစမစ် စိတ်တိုလျက်ရှိရာ မလှမ်းမကမ်းရှိ ကူးတို့တစ်စင်းပေါ်သို့ လူအချို့ တက်နေသည်ကိုတွေ့၍ အပြေးတက်လိုက်ရာ ကူးတို့လည်း ထွက်ခဲ့လေသည်။ အတန်ကြာသော် နံဘေးမှ အမျိုးသားတစ်ဦးကို မေးမြန်းကြည့်ရာ-

စမစ် ॥ ॥ မောင်းတာ ကြာလိုက်တာကွာ။

အမျိုးသား ॥ ॥ ဟုတ်ပါ့ဗျာ၊ ဒီလောက်ဝေးတဲ့ သင်္ချိုင်းကုန်းကို ရွေးပြီး အသုဘသွားချရတယ်လို့။

စမစ် ॥ ॥ "ဟိုက်"

အဏ္ဏဝါ ဘူမိသိပ္ပံ

တရုတ်ကမ်းလွန်ကြမ်းပြင်၌ ကျောက်နံရံတစ်ချပ်တွေ့ရှိ

တရုတ်နိုင်ငံ ကမ်းလွန်ပင်လယ်ကြမ်းပြင်အောက်တွင် ကျောက်နံရံကြီးတစ်ချပ်ကို တရုတ်သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြသည်။

အဆိုပါ ကျောက်နံရံကြီးမှာ မီးတောင်ချော်ရည်များကြောင့် ဖြစ်ပေါ်နေသော ပင်လယ်ရေအောက် ကျောက်သားနံရံကြီးတစ်ချပ်ဖြစ်ပြီး တရုတ်နိုင်ငံတရုတ်(တိုင်ပေ) အနီး ပီစကာဒိုရက်စ်ကျွန်းစုအနီး ပင်လယ်ကြမ်းပြင်အောက်တွင် တွေ့ရှိရခြင်းဖြစ်သည်။

ယခုတွေ့ရှိရသည့် ကျောက်နံရံကြီးမှာ ပင်လယ်ကြမ်းပြင်အောက်တွင် မီးတောင်ပေါက်ကွဲရာမှ ထွက်ပေါ်လာသော ချော်ရည်များကြောင့်ဖြစ်ကြောင်း၊ တရုတ်(တိုင်ပေ) အနောက်ဘက် ကီလိုမီတာ ၄၀အကွာ၌ ဖြစ်ပေါ်နေခြင်းဖြစ်သည်။

ယင်းမှာ လွန်ခဲ့သော နှစ်ပေါင်း ၁၈၀၀ ခန့်က ပင်လယ်ကြမ်းပြင်အောက်ရှိ မီးတောင်ပေါက်ကွဲခဲ့ခြင်းဖြင့် သဘာဝအလျောက်ဖြစ်တည်နေသော မီးတောင်ချော်ရည် ကျောက်နံရံကြီးပင်ဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း သဃ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ပညာရေး)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက် (၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက် ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး။

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး။

၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ ဝန်ကြီးဒေါက်တာချမ်းငြိမ်း လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၀

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ယမန်နေ့နံနက် ၁၀နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးနှင့် အတန်းမှူးဆရာ ဆရာမများအားတွေ့ဆုံ၍ ဘာသာရပ်တိုင်းအောင်ချက်မြင့်မားရေးကြိုးပမ်းဆောင်ရွက်ရန်၊ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများဆောင်ရွက်ရန်နှင့် အားကစားပစ္စည်းများ လုံလောက်စွာထားရှိပြီး လေ့ကျင့်သင်ကြားပေးရန်တို့ကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့်ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် ကျောက်တံတားမြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်းနှင့် သဃ်န်းကျွန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေး

ထို့နောက် ဝန်ကြီးသည် သဃ်န်းကျွန်းပညာရေးကောလိပ်နှင့် ရန်ကင်းပညာရေးကောလိပ်တို့၌ လုပ်ငန်းခွင်ကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း၌ သင်တန်းသား သင်တန်းသူများ သင်ကြားသင်ယူနေမှုများ၊ သင်ထောက်ကူပစ္စည်းပြခန်းများနှင့် အင်တာနက်စာသင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဆွေးနွေးမှာကြား

ဝန်ကြီးသည် ဇန်နဝါရီရက်ကလည်း ရန်ကုန် နိုင်ငံခြားဘာသာ တက္ကသိုလ်၌ ပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများအားတွေ့ဆုံ၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်းဖွင့်

မန္တလေး ဇန်နဝါရီ ၁၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၅)သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၅ရက် နံနက် ၉နာရီက မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စားဝန်ထမ်းရေးရာနှင့်သင်တန်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးညွန့်တင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ (အောက်ပုံ)

အဆိုပါသင်တန်းဖွင့်ပွဲသို့မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ဇေယျနှင့် ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများနှင့် အထက်မြန်မာပြည်မှ သင်တန်းသားစုစုပေါင်း ၄၀ တက်ရောက်ကြပြီး သင်တန်းကာလကို ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (ပြည်တွင်းအခွန်)

သားဖွားမီးယပ်ပညာအဖွဲ့ ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

သားဖွားမီးယပ်ပညာအဖွဲ့ (မြန်မာနိုင်ငံဆရာဝန်အသင်း)၏ 8th OG Conference ကို ဖေဖော်ဝါရီ၁၈ရက်နှင့် ၁၉ ရက်တို့တွင် Traders Hotel၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ ဆေးပညာတိုးတက်ပြန့်ပွားစေရန် စိတ်ပါဝင်စားသူများ၊ သားဖွားမီးယပ်အထူးကုဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘိုကလေး အထက(၁) မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ဧရာဝတီတိုင်း ဘိုကလေးမြို့ အထက(၁)၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲကို အောင်ဆန်းခန်းမ၌ ဇန်နဝါရီ ၁၇ရက် (စနေနေ့)တွင် ဆရာဆရာမကြီးများကို ဂါရဝပြု ကန်တော့ကာ မိတ်ဆုံစားပွဲကျင်းပမည်ဖြစ်ရာ အသက်(၆၀)ပြည့် ဆရာ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆက်ဆက်လာရောက်ကန်တော့ခံပါရန်နှင့် အလှူငွေထည့်လိုပါက ဦးအုန်းမော် ဖုန်း-၀၁-၂၁၂၅၀၈၊ ဦးကျော်မြင့် ဖုန်း-၀၉-၈၉-၇၃၉၆၄၊ ဦးလှမြင့် ဖုန်း-၀၉-၅၁-၇၄၅၁၃၊ ဦးတင်အောင် ဖုန်း-၀၁-၂၉၆၁၇၇၊ ဦးလှသန်းဦး ဖုန်း-၀၄၅-၄၅၃၉၅နှင့် ဦးတင်မောင်ပြိုး ဖုန်း-၀၄၅-၄၅၂၂၁တို့သို့ လှူဒါန်းနိုင်သည်။ ကန်တော့ခံဆရာ ဆရာမကြီးများအတွက် ဘိုကလေးမြို့နယ်အသင်း အမှတ်၅၄ ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ်မှ ဇန်နဝါရီ ၁၆ရက် နံနက်၈နာရီတွင် ကြိုဆိုရေး ကားထွက်မည်ဖြစ်ပါ၍ ဇန်နဝါရီ ၁၄ရက်နောက်ဆုံးထား၍ ဘိုကလေးမြို့နယ်အသင်း ဖုန်း-၀၁-၂၁၂၅၀၈သို့ စာရင်းပေးသွင်းကြရန် နှိုးဆော်ထားသည်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှကိုယ်စားလှယ်အဖွဲ့ ထိုင်းသို့ သွားရောက်

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင် ဦးဆောင်သောအဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဌေးမြင့်၊ အကြီးတန်းဒုတိယဥက္ကဋ္ဌ(၁)ဦးလှမောင်ရွှေနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (အောက်ပုံ)

အဆိုပါအဖွဲ့တွင် ငါးလုပ်ငန်းဦးစီးဌာနမှ ခြောက်ဦးနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ရှစ်ဦးတို့လိုက်ပါသွားကြပြီး ထိုင်းနိုင်ငံရှိ ရေလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဇန်နဝါရီ ၁၆ရက်အထိ ကြည့်ရှုလေ့လာကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အခြေခံပန်းအလှပြင်သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများဘဝမြှင့်တင်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံပန်းဝါသနာရှင်များအသင်းတို့ ပူးပေါင်း၍ အခြေခံပန်းအလှပြုပြင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၀၉)ကို ဖေဖော်ဝါရီ ၅ရက်မှ ၁၃ရက်အထိ နေ့စဉ် မွန်းလွဲ ၁နာရီမှ ညနေ၃နာရီအတွင်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ သင်တန်းသား သင်တန်းသူ ၅၀ဖြင့် ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေး ကျပ်တစ်သောင်းသတ်မှတ်ထားရာ တက်ရောက်လိုသူများသည် မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း ဖုန်း-၃၇၉၃၆၁သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။(၁၇၃)

လျှပ်စစ်(၂)ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် မြို့လှ သဲဖြူပင်မဓာတ်အားခွဲရုံ ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် ဇန်နဝါရီ ၁၀

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇန်နဝါရီ ၈ရက်က ပဲခူးတိုင်း ရေတာရှည်မြို့နယ် မြို့လှမြို့ရှိ သဲဖြူပင်မဓာတ်အားခွဲရုံသို့သွားရောက်၍ Control Panel များမှ ဓာတ်အား ဝင်၊ထွက်မှုနှင့် ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေများ၊ ဓာတ်အားလိုင်းချိတ်ဆက်သွယ်တန်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည်တောင်ငူမြို့ တောင်ငူပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး Control Panel များမှ ဓာတ်အား ဝင်၊ထွက်မှုနှင့် ဓာတ်အား ဖြန့်ဖြူးပေးနေမှုများကို လည်းကောင်း၊ Switch Yard အတွင်း တောင်ငူ-သာယာကုန်း(လိုင်းသစ်) 230 KV မဟာဓာတ်အားလိုင်း သာယာကုန်းအထွက် Switch Bay တိုးချဲ့တည်ဆောက်မှု၊ အုတ်မြစ်ချလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေနှင့် တာဝါတိုင် အမှတ်(၁)နှင့် (၂)ကြား 230 KV မဟာဓာတ်အားလိုင်း ကြိုးဖြန့်ခြင်း၊ ကြိုးတင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ တောင်ငူ-သာယာကုန်း 230 KV မဟာဓာတ်အားလိုင်း တာဝါတိုင် အမှတ်၁၂၇နှင့် ၁၂၈ တည်ဆောက်ပြီးစီးသည့် နေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

လိုအပ်သည်များမှာကြား

ယင်းနောက် ဝန်ကြီးသည် ကျောက်တံခါးမြို့နယ် သာယာကုန်း ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိ၍ ဓာတ်အားထိန်းချုပ်ခန်းကို ကြည့်ရှုစစ်ဆေးပြီး တောင်ငူ-သာယာကုန်း 230 KV မဟာဓာတ်အားလိုင်း တည်ဆောက်ခြင်း စီမံကိန်းလုပ်ငန်းနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘောလုံးနည်းပြဆရာ အောင်လက်မှတ်နှင့် တံဆိပ်ပေးအပ်မည်

ရန်ကုန် ဇန်နဝါရီ ၁၀

အာရှဘောလုံး အဖွဲ့ချုပ်က ချီးမြှင့်သည့် AFC A, B, C Coaching Certificate နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က သတ်မှတ်ပေးထားမည့် A, B, C Coaching Certificate များ ပေးအပ်ပွဲနှင့်၂၀၀၉ခုနှစ် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အသိအမှတ်ပြု အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီး၊အကူဒိုင်လူကြီး၊ဖူဆယ်ဒိုင်လူကြီး (အမျိုးသား/ အမျိုးသမီး)တံဆိပ်ပေးအပ်မည့် အခမ်းအနားတို့ကို ဇန်နဝါရီ ၁၂ရက် နံနက်၁၁နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ခန်းမ (Goal Hotel) (သုဝဏ္ဏ)၌ကျင်းပမည်ဖြစ်ရာ နည်းပြဆရာများနှင့်ဒိုင်လူကြီးများ မပျက်မကွက် တက်ရောက်ကြရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ဖိတ်ကြားထားကြောင်းသိရသည်။

(သတင်းစဉ်)

စာဆိုတော်နေ့ အခမ်းအနားနှင့် စာပေဟောပြောပွဲ မြန်အောင်၌ကျင်းပ

မြန်အောင် ဇန်နဝါရီ ၁၀

၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့အခမ်းအနားနှင့် စာပေဟောပြောပွဲကို ဇန်နဝါရီ ၅ရက်ညပိုင်းတွင် မြန်အောင်မြို့ဆန်းသစ်ဦးရုပ်ရှင်ရုံ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးကြူက အဖွင့်အမှာစကား ပြောကြားသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၏ စာဆိုတော်နေ့ သဝဏ်လွှာကို အဖွဲ့ဝင် ကနောင်မောင်ဆန်းသစ်ကဖတ်ကြားပြီး မြန်မာစာပေကျေးဇူးကို အဖွဲ့ဥက္ကဋ္ဌ ဇင်မင်း (သမိန်ထော)က ပြောကြားကာ စာပေပြိုင်ပွဲများမှ ဆုရရှိသူများ စာရင်းကို အဖွဲ့ဝင် ချစ်ကောင်းလတ် (မြန်အောင်)က ရှင်းလင်းပြီးနောက် ၂၀၀၇ စာပေဗိမာန် စာမူဆုရသူ ဇင်မင်း(သမိန်ထော)၊ မြတ်မင်္ဂလာစာစောင် ဝတ္ထုတိုဆုရသူ နေဝန်းနီနီ(မြန်အောင်) မြို့နယ်စာပေပြိုင်ပွဲများမှဆုရရှိသူ ကိုးဦးနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြန်မာစာ ဂုဏ်ထူးဆုရသူ ၁၄ ဦးတို့အား မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် စာရေးဆရာကြီးများဖြစ်သောဆရာချစ်ဦးညို၊ဆရာညွန့်ဟံ(ကြူတော)နှင့် ဆရာ လယ်တွင်းသားစောချစ်တို့က စာပေဟောပြောကြသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ကျောက်တိုင်ကွင်း၌ ဇန်နဝါရီ ၄ရက် နံနက်က (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က ဖတ်ကြားစဉ်။ (သတင်းစဉ်)

မာန်အောင်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၁၀

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏၂၀၀၈ခုနှစ်အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကိုဇန်နဝါရီ၂၅ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး ရခိုင်ပြည်နယ်မွှော်ရုံ၌ကျင်းပမည်ဖြစ်ရာ အသင်းသားအသင်းသူများ၊ စေတနာရှင်များနှင့် မာန်အောင်မြို့နယ်သူမြို့နယ်သားများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းသားများ၏သားသမီးများသည် အထောက်အထားများနှင့်အတူ နီးစပ်ရာ အမှုဆောင်များနှင့် ဗိုလ်မှူးအောင်စိန်(ငြိမ်း) ဖုန်း-၅၀၁၀၂၆၊ ဦးစိုးတင် ဖုန်း-၅၄၅၂၉၃နှင့် ဒေါ်သီသီအောင် ဖုန်း-၅၅၅၇၅၇တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပေးအပ်လှူဒါန်း

ဒဂုံမြို့နယ် ယောမင်းကြီးလမ်း အမှတ်၂၂နေ Daewoo Co.,Ltd. မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဇဟိုသို့ အလှူငွေကျပ် ၁၂သိန်းတန်ဖိုးရှိ Steel Tray အစုံ ၆၀ ပေးအပ်လှူဒါန်းရာ ဖောင်ဒေးရှင်း နာယက ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)နှင့် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးညွန့်တို့က လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

မီးဘေးကာကွယ်တားဆီးရေး ဟောပြောသရုပ်ပြ

ရန်ကုန် ဇန်နဝါရီ ၁၀

မီးဘေးအန္တရာယ်ကင်းဝေးစေရန် ဝန်ထမ်းများ ဂရုပြုလိုက်နာသင့်သော မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေး ဟောပြောရှင်းလင်း သရုပ်ပြမှုများကို ယမန်နေ့ မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်က အမှာစကားပြောကြားပြီး စမ်းချောင်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မြင့်ဆွေက မီးဘေးအန္တရာယ်ကာကွယ်တားဆီးရေးနှင့် စပ်လျဉ်း၍ အသိပညာပေး ဟောပြောသည်။ ထို့နောက် စမ်းချောင်းမြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရဲအောင်က မီးသတ်ဆေးဘူး ကိုင်တွယ်ပုံနှင့် အသုံးပြုပုံများကို ရှင်းလင်းပြောကြားပြီး လက်တွေ့ မီးငြိမ်းသတ် သရုပ်ပြသသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

လွတ်လပ်ရေးနေ့အခမ်းအနား မိတ္ထီလာ၌ကျင်းပ

မန္တလေးတိုင်း မိတ္ထီလာခရိုင်မိတ္ထီလာမြို့နယ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက် ၇နာရီက လွတ်လပ်ရေးပန်းခြံတွင် ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက ဖတ်ကြားခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

စာကြည့်တိုက်များခိုင်မာရေး အလုပ်ရုံဆွေးနွေး

စာကြည့်တိုက်များရှင်သန်ခိုင်မာရေး အလုပ်ရုံဆွေးနွေးပွဲကို ဟုမ္မလင်းမြို့နယ် အော်သော်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဒီဇင်ဘာ ၂၇ရက် မွန်းလွဲ ၂နာရီက ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းစိုးက စာကြည့်တိုက်များ ခိုင်မာရေးအတွက် သတ်မှတ်စံ(၅)ရပ်ကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသန့်က စာအုပ်စာပေများ ဖတ်ရှုဆွေးနွေး ဟောပြောသည်။ *(ခရိုင် ပြန်/ဆက်)*

ကျောက်မဲ၌ ဓာတ်အားလိုင်းအန္တရာယ်ကင်းရေးဆောင်ရွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လက်ထောက်အင်ဂျင်နီယာ ဦးမြတ်စိုးဦးဆောင်သော ဝန်ထမ်းများနှင့် ပြည်သူများစုပေါင်း၍ ဇန်နဝါရီ၃ရက်ကမြို့တွင်းဓာတ်အားလိုင်းများအန္တရာယ်ကင်းရှင်းရေးအတွက် ပင်လုံလမ်းတစ်လျှောက်ရှိဓာတ်တိုင်များ၊ ဓာတ်ကြိုးများနှင့်မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းကြသည်။ **(မြို့နယ် လျှပ်/စစ်)**

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးဟောပြော

တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားစေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၅ရက် မွန်းလွဲ ၂နာရီက ခန္တီးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ကျင်းပရာ ဥက္ကဋ္ဌ ဦးထွန်းသိန်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဦးအောင်ကျော်စိုးက တက္ကသိုလ်ဝင်တန်းတွင် ဖြေဆိုရမည့်ဘာသာရပ်များနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းစိုးတို့က စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောသည်။

(ခရိုင် ပြန်/ဆက်)

ကျေးရွာ စာကြည့်တိုက်များခိုင်မာရေး ဆွေးနွေး

ဆီဆိုင်မြို့နယ် ကုန်းဆွတ်ကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များရှင်သန်ခိုင်မာရေးဆွေးနွေးပွဲများကိုဒီဇင်ဘာ၂၈ရက်ကကုန်းဆွတ်ကျေးရွာ၊ နောင်ရွှေးကျေးရွာနှင့်မြေနီကျေးရွာတို့တွင် ကျင်းပခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

နေပြည်တော်လယ်ဝေး၌ စာပေဟောပြောပွဲကျင်းပ

၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၂၇ရက် ည ၇နာရီက နေပြည်တော်လယ်ဝေး ပတ္တာစံပြကျေးရွာ၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်း (သန်းထွန်း၊ ပြန်/ဆက်)က မိတ်ဆက်စကားပြောကြားပြီး စာရေးဆရာ မောင်စိုးထိုက်(သုံးဆယ်)၊ စာရေးဆရာမ ချိုမြနွယ်နှင့် တက္ကသိုလ်ကြူကြူသင်းတို့က စာပေရေးရာများ ဟောပြောကြသည်။ *(မြို့နယ် ပြန်/ဆက်)*

ကောလင်းမြို့နယ်၌ ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေး

ကသာခရိုင် ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ကောလင်းမြို့နယ်အဆင့် ဌာနဆိုင်ရာများတွေ့ဆုံပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက်ကကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၈ခုနှစ် လုပ်ငန်းညွှန်ကြားချက်များကို ကသာခရိုင် ဥက္ကဋ္ဌ ဦးလှဝေက ထပ်ဆင့်ညွှန်ကြားရှင်းလင်းသည်။ **(မြို့နယ် ပြန်/ဆက်)**

ယာဉ်၊ လမ်းစည်းကမ်းပြပွဲအတွက် ညှိနှိုင်းစည်းဝေး

ရှမ်းပြည်နယ်(တောင်ပိုင်း)ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီက ကျင်းပသည့် ယာဉ်၊ လမ်းစည်းကမ်းပညာပေးပြပွဲ၊ ပြိုင်ပွဲ အကြိုညှိနှိုင်းအစည်းဝေးကို ဇန်နဝါရီ ၇ရက် နံနက် ၉နာရီက ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးညွန့်ဝင်းက ပြပွဲ၊ ပြိုင်ပွဲနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြား၍ တက်ရောက်လာကြသူများက အကြံပြု ဆွေးနွေးကြသည်။ *(ပြည်နယ်ရဲတပ်ဖွဲ့)*

ဟားခါးမြို့တွင် လမ်းပလက်ဖောင်းများပြုပြင်ဆေးသုတ်

ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းသန့်ရှင်းလှပရေးအတွက် ပလက်ဖောင်း၊ ကပ်တုံးများပြုပြင်ဆေးသုတ်ခြင်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်အောင်က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

နွားထိုးကြီး၌ ဒီဇင်ဘာနောက်ဆုံးပတ်စုပေါင်းလမ်းလျှောက်

နွားထိုးကြီးမြို့ ဒီဇင်ဘာအားကစားလ၏ နောက်ဆုံးပတ် လမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၇ရက်က နွားထိုးကြီး-ထန်းဇင်ရွာ အသွားအပြန် လေးမိုင်ကို ပြည်သူများ ပျော်ရွှင်စွာ လမ်းလျှောက်ဆင်နွှဲကြသည်။ *(ဝ၉၂)*

နမ္မတီးကျေးရွာ၌ ဈေးရောင်းချမှုစစ်ဆေး

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်၏ ဦးဆောင်မှုဖြင့် ဈေးတာဝန်ခံ ဦးမျိုးနိုင်နှင့် ဝန်ထမ်းများသည် ဒီဇင်ဘာ ၁၄ရက်က နမ္မတီးကျေးရွာအုပ်စုဈေးအတွင်း၌ မယ်လမင်းပါဝင်သည့် နို့မှုန့်နှင့်နို့ထွက်ပစ္စည်းများရောင်းချခြင်း မရှိစေရန် စစ်ဆေးကြပ်မတ်ဆောင်ရွက်ကြသည်။ **(ဝ၀၁)**

မြန်မာအင်ဂျင်နီယာများအနေဖြင့် ယောက်ျား မိန်းမ မခွဲခြားဘဲ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရေးတွင် သူတစ်ပါးအမှီအခို ကင်းကင်းဖြင့် ဆောင်ရွက်နေသူများဖြစ်

* ***ရှေ့ဖုံးမှ***

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီးသည် ၁၉၁၆ခုနှစ်တွင် ပေါ်ပေါက်ခဲ့သည့် ''မြန်မာနိုင်ငံအင်ဂျင်နီယာကွန်ဂရက်'' ကို အခြေပြုပြီး ၁၉၂၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကြောင်း၊ ယင်းအသင်းကြီးသည် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီအထိ သက်ဝင်လှုပ်ရှားခဲ့ပြီး စစ်ကြီးအတွင်း လှုပ်ရှားမှုများ ရပ်တန့်ခဲ့ကြောင်း၊ စစ်ကြီးအပြီး အသင်းကြီး ပြန်လည်အသက်ဝင် လှုပ်ရှားခဲ့သည်မှာ ၁၅နှစ်အကြာ ၁၉၆၃ခုနှစ် အထိဖြစ်ကြောင်း၊ ၁၉၆၃ခုနှစ်တွင်မူ အသင်းအဖွဲ့အားလုံးဖျက်သိမ်းလိုက်သည့်အတွက် ၎င်းအသင်းကြီးလည်း ဖျက်သိမ်းခဲ့ကြောင်း။

အမျိုးသားရေးအင်အားစု

ယင်းသို့ အကြောင်းကြောင်းနှင့်ရပ်တန့်သွားခဲ့သည့် အသင်းကြီး၏လှုပ်ရှားမှုများသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက် ၁၉၉၅ခုနှစ်တွင် ပြန်လည်ရှင်သန်နိုးကြားလာပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကြီးဟူ၍ ဝင့်ဝင့်ထည်ထည် ပေါ်ထွန်းလာခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့် လမ်းညွှန်မှုအောက်၌ အသင်းကြီးသည် မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိသည့် အင်ဂျင်နီယာပညာရှင် အားလုံးကို စုစည်းနိုင်ခဲ့ပြီး နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်တပ်တစ်အား ပါဝင်ထမ်းဆောင်နိုင်ခဲ့ကြောင်း၊ ယခုဆိုလျှင် အသင်းကြီးသည် အင်ဂျင်နီယာ ပညာရှင်အသင်းသား ဦးရေ ၁၆၀၀၀ပါဝင်သည့် အမျိုးသားရေး အင်အားစုကြီး တစ်ရပ်အဖြစ် ဖြစ်ထွန်းလာပြီဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အာဆီယံအဖွဲ့ကြီး၏ အသင်းဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာသည်နှင့်အညီ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသည်လည်း အာဆီယံ ၁၀နိုင်ငံမှ အင်ဂျင်နီယာအသင်း ၁၀သင်းကို စုစည်းဖွဲ့စည်းထားသည့် အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ် ASEAN Federation of Engineering Organizations (AFEO) တွင် အဖွဲ့ဝင်အဖြစ် ၂၀၀၀ ပြည့်နှစ်မှစ၍ ပါဝင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသည် (AFEO) အဖွဲ့ဝင်အသင်းဖြစ်သည်နှင့်အညီ (AFEO) ၏ လှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ကျင်းပခဲ့သည့် Conference of the ASEAN Federation of Engineering Organizations (CAFEO-22) ကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ ယင်းကဲ့သို့လက်ခံ ကျင်းပပေးနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာများသည် အဖွဲ့ဝင်နိုင်ငံအသီးသီးက အင်ဂျင်နီယာပညာရှင်များနှင့် တရင်းတနှီး တွေ့ဆုံခွင့်ရပြီး ပညာရပ်များလည်း နီးနှောဖလှယ်ခွင့်ရခဲ့ကြောင်း။

အဆင့်အတန်းမြင့်မား

ထူးခြားချက်အနေဖြင့် ၂၀၀၂ခုနှစ် ဖနောင်ပင်မြို့တွင် ကျင်းပခဲ့သည့် (CAFEO-20)မှာ မြန်မာနိုင်ငံသည် ၁၉၈၈ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ မည်သည့်နိုင်ငံခြား အထောက်အပံ့ငွေကြေးအရင်းအနှီးနှင့် နည်းပညာမပါဘဲ မိမိနိုင်ငံ၏ ကိုယ်ပိုင်ငွေကြေးအရင်းအနှီးနှင့် မိမိတိုင်းရင်းသားတို့၏ ကိုယ်ပိုင်နည်းပညာများဖြင့် တည်ဆောက်အကောင်အထည်ဖော်ခဲ့သည့် ဆည်မြောင်းတာတမံရေအရင်းအမြစ်စီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုအတွက် ''Outstanding Engineering Award'' ကို ပထမဆုံးအကြိမ်အဖြစ် ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံခဲ့ရကြောင်း၊ ထို့အတူ ၂၀၀၃ခုနှစ်တွင် အင်ဒိုနီးရှား၌ ကျင်းပခဲ့သည့် (CAFEO-21)မှာလည်း မြန်မာနိုင်ငံဟာ ၁၉၈၈ ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ တိုင်းတစ်ပါး၏ ငွေကြေးနည်းပညာ တစ်စုံတစ်ရာမပါရှိဘဲ မိမိပြည်တွင်းအားဖြင့်ပင် တည်ဆောက်အကောင်အထည်ဖော်ခဲ့သော လမ်းတံတားစီမံကိန်းကြီးများအတွက် ''Outstanding Engineering Award'' ကို ထိုက်ထိုက်တန်တန် ထပ်မံချီးမြှင့်ခြင်း ခံခဲ့ရပြန်ကြောင်း၊ ယင်းမှာ မြန်မာနိုင်ငံအင်ဂျင်နီယာများသည် အာဆီယံအင်ဂျင်နီယာများလောကတွင် အဆင့်အတန်းမြင့်မြင့်မားမားနှင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သော အင်ဂျင်နီယာများဖြစ်ကြသည်မှာ ထင်ရှားသော သက်သေသာဓကပင်ဖြစ်ကြောင်း။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်၍ သိပ္ပံနှင့်နည်းပညာတိုးတက်ရေးသည် နိုင်ငံတိုင်းက တစိုက်မတ်မတ် အားသွန်ခွန်စိုက်ကြိုးပမ်းနေရသော ကိစ္စဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် မြန်မာ့သိပ္ပံနှင့်နည်းပညာကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းနေရသော အချိန်အခါဖြစ်ကြောင်း၊ ယခုလိုအချိန်အခါမျိုးတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ စွမ်းဆောင်ရည်သည် အလွန်ပင်အရေးကြီးသည့်ကဏ္ဍမှ ပါဝင်သည်ဟု ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာများသည် အိမ်နီးချင်းနိုင်ငံများမှ အင်ဂျင်နီယာများအောက် မလျော့ကျသည့် စွမ်းဆောင်ရည်မျိုးနှင့် ဖွဲ့လုံ့လဝီရိယမျိုးရှိသည် ဆိုသည်ကိုလည်း လေးလေးနက်နက် ယုံကြည်ပါကြောင်း၊ ယနေ့မြန်မာနိုင်ငံတွင် ကြီးမားပြီး ငွေကြေးမြောက်မြားစွာ အကုန်အကျခံ တည်ဆောက်ရသည့် စီမံကိန်းကြီးများကို တိုင်းရင်းသားအင်ဂျင်နီယာပညာရှင်များ၏ အတတ်ပညာစွမ်းပကားသက်သက်ဖြင့် တည်ဆောက်အကောင်အထည်ဖော်နိုင်ခြင်းသည် ယနေ့မြန်မာအင်ဂျင်နီယာများ၏ စွမ်းဆောင်ရည်ကို ကမ္ဘည်းမော်ကွန်းထိုးပြနေကြောင်း။

ခေတ်မီနိုင်ငံတော်

မိမိတို့နိုင်ငံသည် သဘာဝသယံဇာတ အရင်းအမြစ်များပေါများသည့်နိုင်ငံ ဖြစ်ကြောင်း၊ ယင်းရှိပြီးသော သဘာဝသယံဇာတများကို ခေတ်မီသည့် နည်းပညာရပ်များ အသုံးပြုပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ယင်းအချက်သည် မိမိတို့နိုင်ငံ၏ ရည်မှန်းချက်ဖြစ်ကြောင်း၊ ယခုကဲ့သို့ တည်ဆောက်ရာတွင် သူတစ်ပါး၏ အမှီအခိုကင်းကင်းဖြင့် ဆောင်ရွက်နိုင်ခြင်းသည် အလွန်ပင်ဝမ်းသာဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ ဤနေရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **''သယံဇာတဆိုတာ ထုတ်ယူသုံးစွဲတာနှင့်အမျှ ကုန်ဆုံးသွားမှာ ဖြစ်လို့ လူသားစွမ်းရည်သက်သက်နဲ့ ရှင်သန်ရပ်တည်နိုင်အောင် စက်မှုနည်းပညာရပ်တွေ ရှိဖို့လည်းလိုအပ်တယ်''** ဟူ၍ ၁၉-၁၂-၂၀၀၈ရက်နေ့က တပ်မတော်နည်းပညာ၊ တက္ကသိုလ် ဗိုလ်လောင်းသင်တန်းကျောင်းဆင်းပွဲတွင် လမ်းညွှန်မိန့်ကြားသွားခဲ့ကြောင်း၊ ထို့ကြောင့် ယနေ့ မိမိတို့နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်အောင် စီးပွားရေးဦးတည်ချက်(၄)ရပ် ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြောင်း။

တပ်မတော်အစိုးရ တာဝန်ယူချိန်မှစပြီး ပြည်နယ်၊ တိုင်းအနှံ့မော်တော်ကားလမ်း၊ မီးရထားလမ်းများ၊ ဆည်မြောင်းများ၊ မြစ်ကူးတံတားကြီးများ၊ လေယာဉ်ကွင်းများ၊ တက္ကသိုလ်ကျောင်းကြီးများ တစ်ခုပြီးတစ်ခု မနားတမ်းတည်ဆောက်နေသည်ကို အားလုံးမျက်မြင် ကိုယ်တွေ့ပင်ဖြစ်ကြောင်း၊ ယင်းသို့တည်ဆောက်ရာတွင် မြန်မာအင်ဂျင်နီယာများအနေဖြင့် ယောက်ျားမိန်းမ မခွဲခြားဘဲ ရှေ့တန်းက ပါဝင်ဆောင်ရွက်နေသူများဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရာတွင် သူတစ်ပါး အမှီအခိုကင်းကင်းဖြင့် ဆောင်ရွက်နေသူများဖြစ်၍ ဝမ်းသာဂုဏ်ယူရမှာဖြစ်ကြောင်း။

ဆန်းသစ်တီထွင်

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယခုကဲ့သို့ ပညာခေတ်ကြီးတွင် အတတ်ပညာ၊ နည်းပညာများသည် နေ့စဉ်နှင့်အမျှ ဆန်းသစ်တီထွင်နေကြသည် ဖြစ်သဖြင့် သင်ယူ၍ မကုန်ခန်းနိုင်အောင် အလွန်ကျယ်ပြန့်လှကြောင်း၊ နေ့စဉ်ပြောင်းလဲတိုးတက်နေသည့် ကမ္ဘာကြီးနှင့် ရင်ပေါင်တန်းလိုက်ပါနိုင်ရေးအတွက် တိုးတက်ဖြစ်ပေါ်နေသည့် အင်ဂျင်နီယာပညာရပ်များကို မျက်ခြည်မပြတ်လေ့လာဆည်းပူးနေရန် လိုအပ်သကဲ့သို့ အမြဲတမ်း ဆန်းသစ်တီထွင် ကြံဆနေရန် လိုအပ်ကြောင်း၊ သံသေတစ်ပြည်ဝဆိုသကဲ့သို့ စက်မှုလက်မှုနိုင်ငံထူထောင်နိုင်မှ တိုင်းပြည်ကြွယ်ဝချမ်းသာမှာဖြစ်သည့်အတွက် အင်ဂျင်နီယာပညာရပ်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံထူထောင်နိုင်ရေးအတွက် အဓိက လိုအပ်ချက်ဖြစ်သည်ဟုခံယူပြီး မိမိတို့ကျရာအခန်းကဏ္ဍမှ မိမိတို့တတ်ကျွမ်းသည့် အင်ဂျင်နီယာပညာရပ်ဖြင့် ဝိုင်းဝန်းပါဝင်ထမ်းဆောင်ကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌဦးသန်းမြင့်နှင့် အာဆီယံအင်ဂျင်နီယာအသင်းချုပ် အတွင်းရေးမှူးချုပ် Mr. Tan Yean Chin က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဂါရဝပြုပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား အာဆီယံအင်ဂျင်နီယာအသင်းချုပ် အတွင်းရေးမှူးချုပ် Mr. Tan Yean Chin.က အာဆီယံအင်ဂျင်နီယာအသင်းချုပ်၏ Distinguished Honorary Fellowship တံဆိပ်နှင့် လက်မှတ်ကိုလည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌဦးသန်းမြင့်က အမှတ်တရလက်ဆောင်ကို လည်းကောင်း ဂါရဝပြုပေးအပ်ကြသည်။

ဆက်လက်၍ အာဆီယံအင်ဂျင်နီယာအသင်းချုပ် အတွင်းရေးမှူးချုပ် Mr. Tan Yean Chin က (၂၆)ကြိမ်မြောက် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ညီလာခံ(CAFEO-26)တွင် AFEO Honorary Fellowship ရရှိကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ဦးတင့်ဆွေ၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်တို့အား တံဆိပ်နှင့်လက်မှတ်များကို ပေးအပ်သည်။

တံဆိပ်နှင့်လက်မှတ်ပေးအပ်

ထို့နောက် အာဆီယံအင်ဂျင်နီယာ အသင်းချုပ်မှကော်မရှင်နာ Mr. Rocky H.T. Wong က (၂၆)ကြိမ်မြောက် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ညီလာခံ(CAFEO-26)တွင် AFEO Honorary Membership ရရှိကြသော မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ တွဲဖက်အထွေထွေအတွင်းရေးမှူးများဖြစ်ကြသည့် ဦးခင်မောင်ချစ်နှင့် ဦးအောင်မြင့်၊ ဘဏ္ဍာရေးမှူး ဦးကိုကိုကြီးတို့အား တံဆိပ်နှင့်လက်မှတ်များကို ပေးအပ်သည်။

ယင်းနောက် CAFEO-26 Organizing Committee ဥက္ကဋ္ဌ Dr.Worophat Arthayukti က (၂၆)ကြိမ်မြောက် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ညီလာခံ (CAFEO-26) တွင် AFEO ASEAN Engineering Ouitstanding Award ဆုရရှိသော ရထားပို့ဆောင်ရေးဝန်ကြီးဌာနအတွက် ဆုတံဆိပ်ကို ဒုတိယဝန်ကြီးဦးဖေသန်းအား ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အထွေထွေအတွင်းရေးမှူး ဦးဝင်းခိုင်က အသင်း၏လုပ်ငန်းဆောင်ရွက်ချက်များကို Power Point ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့်လေ့လာရေးရန်ပုံငွေအတွက် အလှူငွေများလှူဒါန်းခဲ့ကြသော ပြည်တွင်းပြည်ပ အလှူရှင်များအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌဦးသန်းမြင့်က မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံနှင့် စာတမ်းဖတ်ပွဲအတွက် အလှူငွေများ လှူဒါန်းခဲ့ကြသော အလှူရှင်များအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီများက ခင်းကျင်းပြသထားသော အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာပစ္စည်းများ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအနေဖြင့် AFEO Honorary Fellowship ကို ဦးရေ ၂၀နှင့် AFEO Honorary Membership ကို ၂၅ဦးတို့ ချီးမြှင့် အပ်နှင်းခြင်းခံရပြီး ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြောက်ဥက္ကလာပမြို့နယ် သမဝါယမအသင်းစုလီမိတက်

အောင်ချမ်းသာ ဆန်အရောင်းဆိုင်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

မြောက်ဥက္ကလာပမြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု လီမိတက်၏ အောင်ချမ်းသာ ဆန်အရောင်းဆိုင်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ရက် နံနက် ၈နာရီက မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် ခေမာသီလမ်းနှင့် ရတနာသိင်္ဂီဈေးပတ်လမ်းထောင့်ရှိ အဆိုပါဆိုင်၌ ကျင်းပရာ ရန်ကုန်တိုင်း သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းနိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဒေါ်အေးအေးသင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သမဝါယမအသင်းစု လီမိတက်မှ ဥက္ကဋ္ဌဦးတင်ဝင်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ရပ်ကွက်အခြေခံသမဝါယမအသင်း ဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အောင်ချမ်းသာ ဆန်အရောင်းဆိုင်ကို ရန်ကုန်တိုင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မင်းနှင့် ဦးမြင့်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** အဆိုပါဆိုင်တွင် စားသုံးသူများက ဆန်ကောင်းဆန်သန့်များကို တိုက်ရိုက်ဝယ်ယူ စားသုံးနိုင်သည့်အပြင် ရပ်ကွက်အခြေခံသမဝါယမအသင်းများမှတစ်ဆင့် စားသုံးသူများထံသို့ ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် ဆန်များ ဖြန့်ဖြူးရောင်းချသွားမည် ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ဗိုလ်တထောင်မြို့နယ်၌ ကာကွယ်ဆေးတိုက်ကျွေး

ရန်ကုန် ဇန်နဝါရီ ၁၀

ဗိုလ်တထောင်မြို့နယ် အမျိုးသား ကာကွယ်ဆေးတိုက်နေ့များ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၆နာရီက မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းအေးနှင့်အမျိုးသမီးရေးရာအတွင်းရေးမှူး ဒေါ်မိမိအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကိုကိုမောင်က ရောက်ရှိလာသော ကလေးငယ်များကို ပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေးပေးသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးဆန်းမော်၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ကိုကိုမောင်၊ မြို့နယ် ပညာရေးမှူး၊ ရဲတပ်ဖွဲ့မှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး၊ ဌာနဆိုင်ရာများ၊ မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မီး

အစဉ်သတိပြု

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ ကျောက်ဖြူခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းခွဲစိတ်ကုသမှုအောင်ပွဲ အခမ်းအနားတွင် မျက်စိဝေဒနာရှင်များအား ကြည့်ရှုအားပေးကြစဉ်။

(ပို့ဆောင်ရေး)

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်ရှိ မျက်စိဝေဒနာရှင်များ အခမဲ့ကွင်းဆင်းခွဲစိတ်ကုသမှုအောင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းခွဲစိတ်ကုသမှုအောင်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ရက်က ကျောက်ဖြူမြို့ အထွေထွေရောဂါကုဆေးရုံကြီးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ စည်းကမ်းထိန်းသိမ်းရေး ဌာနကြီးမှူး ဒေါ်မြသီဂီ၊ ရန်ကုန်မြို့မှ မျက်စိအထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာကံညွန့်၊ အထူးကုဆရာဝန်များဖြစ်သော ဒေါက်တာ ညွန့်အောင်၊ ဒေါက်တာနီလာသိန်း၊ ဒေါက်တာဆွေဦးလွင်နှင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ ပြည်နယ်မျက်စိအထူးကုဆရာဝန် ဒေါက်တာမိုးကျော်၊ ကျောက်ဖြူဆေးရုံမှ ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးရုံဝန်ထမ်းများ၊ ရန်ကုန်မြို့မှစေတနာရှင်အလှူရှင်များ တက်ရောက် ကြသည်။

ဂုဏ်ပြုလက်ဆောင်

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်သောင်းအေး၊ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်သင်းမျိုးမျိုးအောင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး ဒေါ်မြသီဂီတို့က ရခိုင်ပြည်နယ်အတွင်းရှိ မြေပုံ၊ အမ်း၊ ရမ်းဗြဲ၊ မာန်အောင်၊ ကျောက်ဖြူမြို့နယ်များမှ မျက်စိဝေဒနာရှင်များအား မျက်စိအခမဲ့ကွင်းဆင်း စမ်းသပ်ကုသရာတွင် ပါဝင် ဆောင်ရွက်ခဲ့သော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ရန်ကုန်မြို့မှအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာကံညွန့် အပါအဝင် အထူးကု ဆရာဝန်များ လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ ပြည်နယ်မျက်စိ အထူးကုဆရာဝန် ဒေါက်တာမိုးကျော်နှင့် ကျောက်ဖြူဆေးရုံမှ ဆရာဝန်များ၊ သူနာပြုများအား ဂုဏ်ပြုလက်ဆောင်များ အသီးသီး ပေးအပ်ကြသည်။

ယင်းနောက် ဇန်နဝါရီ ၇ရက်နှင့် ၈ရက်တွင် ကျောက်ဖြူ အထွေထွေရောဂါကုဆေးရုံကြီးရှိ ယာယီမဏ္ဍပ်၌ မျက်စိအခမဲ့ ခွဲစိတ် ကုသပြီးသော မျက်စိဝေဒနာရှင်များအား ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ မျက်စိအထူးကု ဆရာဝန်ကြီးပါမောက္ခဒေါက်တာကံညွန့်နှင့် မျက်စိအထူးကု ဆရာဝန်များနှင့် လက်ထောက်ဆရာဝန်များ၊ ရန်ကုန်မြို့မှ စေတနာရှင်အလှူရှင်များက ဆေးဝါးပစ္စည်းများ၊ မျက်မှန်များ တပ်ဆင်ပေးအပ်ကြသည်။

အခမဲ့ခွဲစိတ်ကုသ

အဆိုပါ မျက်စိအခမဲ့ကွင်းဆင်း စမ်းသပ်ခွဲစိတ်မှု လုပ်ငန်းများကို ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ကူညီပံ့ပိုးမှု၊ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရန်ကုန်မြို့မှ စေတနာရှင်အလှူရှင်များက ပူးပေါင်းဆောင်ရွက်မှုအရ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၅ရက်မှ ၈ရက်အထိ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ရန်ကုန်မြို့မှ မျက်စိအထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာကံညွန့် ဦးဆောင်သော အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များက မြေပုံမြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ မာန်အောင်မြို့နယ်နှင့် ကျောက်ဖြူမြို့များမှ မျက်စိဝေဒနာရှင်များအား အောင်မြင်စွာ အခမဲ့ကွင်းဆင်းခွဲစိတ်ကုသပေးခဲ့သည်။

ဇန်နဝါရီ ၅ရက်တွင် ပြင်ပလူနာ အမျိုးသား ၄၆၇ဦး၊ အမျိုးသမီး ၆၉၄ဦး စုစုပေါင်း ၁၁၆၁ဦး၊ ဇန်နဝါရီ ၆ရက်တွင် အမျိုးသား ၅၄၇ဦး၊ အမျိုးသမီး ၁၁၅၉ဦး စုစုပေါင်း ၁၇၀၆ဦး၊ ဇန်နဝါရီ ၇ရက်တွင် အမျိုးသား ၅၄၄ဦး၊ အမျိုးသမီး ၁၂၅၆ဦး စုစုပေါင်းအမျိုးသား ၁၅၅၈ဦး၊ စုစုပေါင်း အမျိုးသမီး ၃၁၀၉ဦးတို့အား မျက်စိအခမဲ့ စမ်းသပ်ပေးပြီး Golden Wax Co., Ltd. က လှူဒါန်းသည့် လိုအပ်သော ဆေးဝါးများနှင့် ပါဝါမျက်မှန် ၉၉၄လက်တို့အား တပ်ဆင်ပေးအပ်ခဲ့သည်။

ဇန်နဝါရီ ၅ရက်မှ ၇ရက်အထိ မျက်စိဝေဒနာရှင်အမျိုးသား ၂၃၅ဦး၊ အမျိုးသမီး ၃၃၆ဦး စုစုပေါင်း ၅၇၁ ဦးတို့အား မျက်စိအခမဲ့ ခွဲစိတ်ကုသပေးခဲ့သည့်အပြင် ပြင်ပလူနာ ၄၆၆၇ဦးတို့အားလည်း အခမဲ့စမ်းသပ်ကုသပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယောနယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၁၀

ယောနယ်အသင်း (ရန်ကုန်)၏ (၃၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် လမ်း ၄၀ အမှတ် ၂၀၂ တည်ရှိရာ ယောနယ်အသင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန် နှိုးဆော်ထားသည်။

စာရင်းပို့

သက်ကြီးပူဇော်ပွဲအတွက် အသက် ၇၀ နှင့်အထက် အသင်းဝင်သက်ကြီး ကန်တော့ခံပုဂ္ဂိုလ်များနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းကိုခံယူမည့် အသင်းဝင်သားသမီးများမှ ၂၀၀၈ခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်သူများ၊ ဒီပလိုမာဘွဲ့ရသူများအား ပညာရည်ချွန်ဆုပေးနိုင်ရန်အတွက် ပညာရည်ချွန်ဆု လျှောက်လွှာပုံစံတွင် ဖြည့်စွက်၍ ယောနယ်အသင်းတိုက်သို့ ဇန်နဝါရီ ၂၅ရက် နောက်ဆုံးထား၍ စာရင်းပေးပို့ရမည်ဖြစ်သည်။

လှူဒါန်းနိုင်

ပူဇော်ပွဲနှင့် ဂုဏ်ပြုပွဲအတွက် စာရင်းပေးပို့ခြင်းနှင့် လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးအေးမောင် ဖုန်း-၂၄၀၆၁၄၊ ဒုတိယ ဥက္ကဋ္ဌ ဦးအောင်မြ ဖုန်း-၃၈၆၄၄၇၊ အတွင်းရေးမှူး ဦးသာလှ ဖုန်း-၃၈၀၄၄၈ ယောနယ်အသင်းတိုက် ဖုန်း-၃၈၈၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ်စာရင်းပေးပို့ လှူဒါန်းနိုင်သည်။

(မြန်မာ့အလင်း)

ဖလားဝါးနယူးစ်ဂျာနယ် ယခုအပတ် ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၀

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၂)၌ 'မေတ္တာဖျန်းမှ ပန်းများလန်းမည်' အထူးသတင်းဆောင်းပါးနှင့်အတူ မောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်သို့ တစ်ပတ်ဗီဇာဖြင့် သွားလိုသူ တစ်ရက်လျှင် လူ ၅၀ခွင့်ပြု၊ မီးလောင်ပါက အမြန်ငြိမ်းသတ်နိုင်ရန် ဇုန်များခွဲကာ အစီအမံများပြုလုပ်မည်၊ နိုင်ငံတကာ၌ အာမခံလျော်ကြေးပေးမှု အမြန်ဆုံးတွင် မြန်မာ့အာမခံလုပ်ငန်းပါဝင်၊ မယ်လမင်းကင်းရှင်းကြောင်း စစ်ဆေးမှုများပြုလုပ်ဆဲဖြစ်၊ အာဆီယံနိုင်ငံတစ်နိုင်ငံက မြန်မာနိုင်ငံနှင့် ပူးပေါင်း၍ လေယာဉ်မောင်းသင်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်လို၊ ကြက်ငှက်တုပ်ကွေးသည် ကပ်ရောဂါအသွင်ဖြင့် လူသားများအပေါ်ဆိုက်ရောက်လာနိုင်၊ ၂၀၀၈ ရုပ်ရှင်အကယ်ဒမီဆုပေးပွဲ ဖေဖော်ဝါရီတွင် ကျင်းပမည် စသည့်ပြည်တွင်းရေးရာသတင်းများနှင့်အတူ ၁၉၀၉-၂၀၀၉ ဦးသန့်နှစ်(၁၀၀) ပြည့်အမှတ်တရ 'စာရေးဆရာဦးသန့် (သို့မဟုတ်) ငြိမ်းချမ်းရေးကို ချစ်သူ' ဘဝပုံရိပ်သုံးသပ်ဆောင်းပါးဖြင့် ယနေ့ထွက်ရှိနေပြီဖြစ်သည်။

ဘားရတ်အိုဘားမားရေး၍ ကိုကို(စက်မှုတက္ကသိုလ်) ဘာသာပြန်ဆိုထားသော 'အဖေ့ဆီက အိပ်မက်များ(၇)'၊ 'လက်ဝဲဝါဒီတွေကတော့ ဟားမတ်တွေကို တိုက်ခိုက်ဖို့ပဲလိုလားပါတယ်' အစ္စရေးစာရေးဆရာမီယာရှာလက်ဗ်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ မလေးရှားဝန်ကြီးချုပ်ဟောင်းက အမေရိကန်ပြည်ထောင်စု၏ ဒေါ်လာငွေကြေးနှင့် ထုတ်ကုန်များကို သပိတ်မှောက်ရန် တောင်းဆို၊ အန္တာတိကမှ သံဒြပ်မှုန့်တို့ကြောင့် ကမ္ဘာကြီးပူနွေးလာမှုလျော့ကျ၊ ဘယ်နေရာတွင်ထိုင်လျှင် အလုံခြုံဆုံးလဲဟူသော အမေးစကားကြောင့်မိသားစုတစ်စု လေယာဉ်ပေါ်မှ ဖယ်ရှားခံရ၊ ရုပ်ရှင်မင်းသား ဂျွန်ထရာဗိုတာ၏ သားငယ် ရုတ်တရက်သေဆုံး၊ နံနက်စာလွဲချော်တတ်သောလူငယ်များ ၄င်းတို့၏ လူပျို၊ အပျိုဘဝကို စောစီးစွာစွန့်လွှတ်ရတတ်စသည့် နိုင်ငံတကာထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။

(သတင်းစဉ်)

ရွှေကူမြို့မဈေး မီးဘေးကာကွယ်ရေးဆောင်ရွက်

ရွှေကူ ဇန်နဝါရီ ၁၀

ရွှေကူမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေးအတွင်း ဈေးဆိုင်များ မီးဘေးကြိုတင်ကာကွယ်မှုရှိ၊ မရှိ မီးကြွင်းမီးကျန် မရှိစေရေး စစ်ဆေး ဆောင်ရွက်မှုကို ဒီဇင်ဘာ ၁၀ရက်က အမှုဆောင်အရာရှိ ဦးခင်အောင်နီ၊ မြို့နယ်မီးသတ်တာဝန်ခံ ဦးချစ်မောင်နှင့်ဈေးမိဈေးဖများ စစ်ဆေးခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့အလင်း **အင်တာနက်အားကစားဖောင်ပိတ်**

မန်ယူနှင့် ချယ်လ်ဆီးအသင်းတို့နောက်ဆုံးရသတင်း

လန်ဒန် ဇန်နဝါရီ ၁၀

ပရီမီယာလိဂ်ပွဲစဉ်(၂၁)အဖြစ် မန်ယူနှင့်ချယ်လ်ဆီးတို့(ယနေ့)ထိပ်တိုက်ရင်ဆိုင်ပွဲနှင့် ပတ်သက်သည့် နောက်ဆုံးရရှိသည့် အင်တာနက်သတင်းများအရ ဒဏ်ရာရရှိနေသဖြင့် လေးပွဲပါဝင် မကစားနိုင်သော မန်ယူနောက်ခံလူ ဖာဒီနန် ဒဏ်ရာသက်သာလာသဖြင့် ပါဝင်ကစားမည်ဖြစ်သည်။

ဒဏ်ရာရရှိ

ထို့အတူ အက်ဖ်အေပြစ်ဒဏ်ကြောင့် လေးပွဲပိတ်ပင်ထားသည့် နောက်ခံလူ အီဗရာလည်း ပွဲပယ်ပြည့်သွားပြီဖြစ်သဖြင့် ပါဝင်ကစားမည်ဖြစ်သည်။ သို့သော် ဒဏ်ရာရရှိထားသော အိုဝင်ဟားဂရေ့ဗ်စ်နှင့် ဝက်စ်ဘရောင်းတို့ ပါဝင်မကစားနိုင်ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းတွင် အသင်းခေါင်းဆောင် နောက်ခံလူတယ်ရီပါဝင်ကစားမည်ဖြစ်ပြီး တစ်ပွဲပိတ်ပင်ခံထားရသော ဘောလက်လည်း ပါဝင်ကစားမည်ဖြစ်သည်။ တံကောက်ကြောဒဏ်ရာရရှိထားသော ဘိုစင်ဝါလည်း ဒဏ်ရာသက်သာနေပြီဖြစ်သဖြင့် ပါဝင်နေပြီဖြစ်သည်။ သို့သော် တံကောက်ကြော ဒဏ်ရာရရှိနေသောမာလူဒါမှာမူ ပါဝင်ကစားနိုင်မည် မဟုတ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အသင့်ဖြစ်

မန်ယူနှင့် ချယ်လ်ဆီးပွဲနှင့် ပတ်သက်ပြီး ဖာဂူဆန်က "အင်္ဂလန်ရဲ့ ထိပ်တန်းကလပ်အသင်းတစ်သင်းနဲ့ ရင်ဆိုင်ရမှာမို့ ကျွန်တော့်လူတွေရဲ့ စိတ်ဓာတ်က အမြင့်ဆုံးဖြစ်နေပါပြီ၊ ချယ်လ်ဆီးဟာ အရင်ကစားနေကျဗျူဟာတွေကလွဲပြီး ထူးခြားတဲ့အခင်းအကျင်းလည်း မလုပ်နိုင်ပါဘူး၊ ကျွန်တော်တို့ ပြိုင်ပွဲဝင်ဖို့ အသင့်ဖြစ်နေပါပြီ"ဟု ပြောကြားသည်။

ချယ်လ်ဆီးနည်းပြစကိုလာရီကမူ "ချယ်လ်ဆီးဟာ အိမ်ကွင်း၊ အဝေးကွင်း ရလဒ်ကောင်းတဲ့မှတ်တမ်းကို ကြာရှည်အောင်ထိန်းနိုင်တဲ့ အသင်းဆိုတာ လက်တွေ့ပြနိုင်မှာပါ"ဟု ပြောကြားသည်။ (အင်တာနက်)

❐ ကျောဖုံးမှ

သဘာဝပတ်ဝန်းကျင် ကောင်းမွန်ရေးကို မြှင့်တင်အားပေးနိုင်ပြီး ဒေသခံပြည်သူတို့၏ ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ပေးသော သဘာဝအခြေခံခရီးသွားလုပ်ငန်းသည် အသုံးပြုပြီးပစ္စည်းများကို ပြန်လည်ပြုပြင်အသုံးပြုခြင်း သို့မဟုတ် တစ်ကျော့ပြန် ထုတ်လုပ်ခြင်း (Recycling)၊ စွမ်းအင်ကို ထိရောက်စွာအသုံးပြုခြင်း (Energy Efficiency)၊ ရေကိုချွေချွေတာတာ သုံးစွဲခြင်း(Water Conservation) စသည့် အချင်းအရာများနှင့် ပြည့်စုံရပြီး ဒေသခံပြည်သူများ၏ စီးပွားရေးအခွင့်အလမ်းများကို ဖော်ဆောင်ပေးရမည်ဖြစ်သည်။

ခေတ်စားလာ

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးတည်ချက်ကို အလေးမူသည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများသည် တစ်စစ ခေတ်စားလာခဲ့ခြင်းကြောင့် နိုင်ငံတကာသဘာဝအခြေခံခရီးသွားလုပ်ငန်းအသင်း (International Ecotourism Society)ကို ၁၉၉၀ပြည့်နှစ်တွင် ထူထောင်ခဲ့ကြသည်။

အဆိုပါအသင်းက ချမှတ်ထားသော သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံမူများကို အောက်ပါအတိုင်း တွေ့ရှိရသည်-

(၁) သမားရိုးကျ ခရီးသွားလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု နည်းနိုင်သမျှ နည်းစေရန်၊

(၂) သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး စိတ်ဓာတ်မြှင့်တင်ရန်၊

(၃) ခရီးသွားဧည့်သည်များရော အိမ်ရှင်များပါ အကျိုးဖြစ်ထွန်းစေမည့် အတွေ့အကြုံများရရှိစေရန်၊

(၄) ဒေသခံပြည်သူများအတွက် ဝင်ငွေရရှိစေရန်နှင့် ၎င်းတို့၏ အစွမ်းအစများကို မြှင့်တင်ပေးနိုင်ရန်၊

(၅) အိမ်ရှင်နိုင်ငံ၏ လူမှုရေးအခြေအနေများ တိုးတက်ကောင်းမွန်စေရေး အားပေးနိုင်ရန်တို့ဖြစ်သည်။

စံနှုန်းကိုက်

ဂေဟစနစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းမှတစ်ဆင့် ဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းခြင်း(conservation of biological diversity)နှင့် ယဉ်ကျေးမှုဓလေ့ထုံးစံအသီးသီးကို စောင့်ထိန်းခြင်း (cultural diversity) အချက်မှာ သဘာဝအခြေခံခရီးသွားလုပ်ငန်း လုပ်ကိုင်သူများ စံနှုန်းကိုက်ရန် လိုအပ်ချက်ဖြစ်သည်။

ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများကို ရရှိစေလျက် စဉ်ဆက်မပြတ် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး (sustainable use of biodiversity) မှာ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအတွက် စံနှုန်း သတ်မှတ်ချက်ဖြစ်သည်။

အလေးမူ

သဘာဝအခြေခံခရီးသွားလုပ်ငန်းများကိုဆောင်ရွက်ရာတွင် စီးပွားရေးအမြင်သက်သက်ဖြင့် လုပ်ကိုင်ခြင်း မဟုတ်မူ၍ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ လူနေမှုဘဝတိုးတက်မှုကိုပါ အလေးမူရန် လိုအပ်သည်။ သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ဆောင်ရွက်ရာ၌ ဒေသခံပြည်သူတို့၏ အလိုတူကြည်ဖြူမှုနှင့် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုတို့ဖြင့် ကိုက်ညီရန် ခရီးသွားလုပ်ငန်းကုမ္ပဏီများ (အေးဂျင့်များ) အလေးမူသင့်သည်။

သဘာဝအရင်းအမြစ်များ မပျက်စီး မထိခိုက်စေဘဲ ခရီးသွားလုပ်ငန်းဆောင်ရွက်ရန်မှာ အခြေခံအကျဆုံး ဖြစ်သည်။

အခြေခံမူ

သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ဆောင်ရွက်ရာတွင် ခရီးသည်များ တတ်စွမ်းသည့်ငွေကြေးဘောင်ကို မကျော်လွန်ဘဲ ကုန်ကျစရိတ်သက်သာစွာဖြင့် သွားလာ၊တည်းခိုနိုင်စေရေးအတွက် ခရီးသွားလုပ်ငန်းကုမ္ပဏီများက စီစဉ်ဆောင်ရွက်ပေးရန်မှာလည်း အခြေခံမူတစ်ရပ်ဖြစ်ပေသည်။

ရေ၊မြေ၊တော၊တောင်တို့ဖြစ်သော သြဘာသလောက၏အလှအပများကို ခံစားရင်း အပန်းဖြေနိုင်သည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းသည် ၂၁ရာစုတွင် ခေတ်စားလာနေကြောင်း လေ့လာစေ့ငုတင်ပြလိုက်ရပါသည်။ ။

ရည်ညွှန်း-အင်တာနက်မှတ်တမ်းများ။

မြန်မာ့ရုပ်မြင်သံကြား

၁၁-၁-၂၀၀၉ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
  - ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားဖို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၈:၁၀ ၆။ အတီးပြိုင်ပွဲ
- ၈:၂၀ ၇။ တေးဂီတအစီအစဉ်
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ အကပြိုင်ပွဲ
- ၈:၅၀ ၁၀။ **သူငယ်ချင်းမရှိတဲ့ဥပဒေ** မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဇေကရီကျော်ကျော် (ဒါရိုက်တာ-မောင်ယဉ်ကျော်)

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူ ကျေးတော်သူ** (အပိုင်း-၁၃)
- ၁၂:၃၅ ၅။ Golf Magazine(TV)
- ၁၃:၀၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **ပြောတတ်ဖို့တော့လိုတယ်နော်** ဒွေး၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-ကျော်ဇောလင်း)
- ၁၄:၄၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄:၄၅ ၈။ International News
- ၁၄:၅၀ ၉။ အဆိုပြိုင်ပွဲ

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄:၁၀ ၂။ အကပြိုင်ပွဲ
- ၄:၂၀ ၃။ ဆိုင်းအဖွဲ့ဖျော်ဖြေခန်း
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၀၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၀ ၆။ တေးဂီတအစီအစဉ်
- ၅:၂၀ ၇။ မွေးမြူစိုက်ပျိုးစီးပွားတိုး (အပိုင်း-၂)
- ၅:၃၀ ၈။ ဆိုကြမယ် ပျော်ကြမယ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ ကာတွန်းအစီအစဉ် Pocket Dragon Adventure
- ၆:၅၅ ၁၂။ တစ်မျက်နှာတစ်ကွက်စာ **ကွာရှင်းပြတ်စဲပြီးစီးခြင်း** ထွန်းထွန်းဝင်း၊ အောင်ပြည့်၊ မို့မို့မြင့်အောင် (ဒါရိုက်တာ-သုမောင်)
- ၇:၁၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှင့်ယှဉ်သောမေတ္တာ** (အပိုင်း-၁၀)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
  - ၁၅။ နိုင်ငံတကာသတင်းများ
  - ၁၆။ မိုးလေဝသအခြေအနေ
  - ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြမ္မာမုန်တိုင်း** (အပိုင်း-၂)

အရိပ်ရ ဆေးဖက်ဝင် မန်ကျည်းပင်

“ဆောင်းရာသီအတွင်း ကျန်းမာရေးနဲ့ပြည့်စုံဖို့ ဆောင်ရန်၊ ရှောင်ရန်တွေနဲ့ပတ်သက်ပြီး ဘကြီးထွေးပြောပြခဲ့တဲ့ မှတ်သားစရာတွေထဲမှာ စားသင့်တဲ့ အစားအစာ တစ်နည်းပြောရရင် ဓာတ်စာအဖြစ်နဲ့ မန်ကျည်းကို စားသုံးဖို့ တော်တော်များများ မှာကြားသွားတာ မှတ်လိုက်ရပါတယ်”

“ဟုတ်တာပေါ့၊ဆောင်းရာသီအတွင်းမှာ ဆီး၊ဝမ်းမှန်ဖို့အတွက် ဟင်းလျာတွေချက်ရာမှာ ဟင်းအရသာကောင်းဖို့နဲ့ အချဉ်အရသာ ပေါ်လွင်အောင် မန်ကျည်းမှည့်နဲ့ချက်တာ၊ မန်ကျည်းဖျော်ရည်ကို ညအိပ်ရာဝင်မှာ သောက်တာတွေဟာ မန်ကျည်းရဲ့ အရေးပါလှတဲ့ ဆေးဖက်ဝင်မှုတွေပဲ”

“မန်ကျည်းဟာ မီးဖိုချောင်သုံးပစ္စည်းအဖြစ် ဟင်းလျာအတွက်သာမက အိမ်ရှင်မများအနေနဲ့ သား၊ ငါး၊ ဟင်းသီးဟင်းရွက်များ လှီးဖြတ်ခုတ်ထစ်ရာမှာ စဉ်းတီတုံးအဖြစ်တောင် သုံးကြတယ်နော်”

“မန်ကျည်းပင်ရဲ့အသားဟာ မာကျောကျစ်လျစ်တဲ့အတွက် မန်ကျည်းကိုင်းလက်ညှိုးပမာဏခန့်ဟာ လူခန္ဓာကိုယ် တစ်ကိုယ်ကို နိုင်နင်းတယ်ဆိုတာကို မန်ကျည်းတစ်ညှို့ လူတစ်ကိုယ်လို့တောင် ဆိုစမှတ်ပြုကြတာပေါ့”

“အဲဒီလို အသုံးတွင်ကျယ်လှတဲ့ မန်ကျည်းနဲ့ပတ်သက်ပြီး ဘယ်လို ဆေးဖက်ဝင်တယ်ဆိုတာ ရှင်းပြပါဦးခင်ဗျာ”

“မန်ကျည်းကို မြန်မာအဘိဓာန်မှာ ချဉ်သော၊ အနှစ်အသားရှိသော၊ အဆစ်အသီးတောင့်များသီးသည့် ကမ္ဘာ့အပူပိုင်းဒေသ ပေါက်ပင်စောက်ကြီး တစ်မျိုးလို့ ဖွင့်ဆိုထားတယ်”

“ဟုတ်တယ်နော်၊ အပူပိုင်းဒေသတွေမှာ များများပေါက်တာ တွေ့ရပြီး မြန်မာနိုင်ငံ နေရာအနှံ့အပြားမှာလည်း တွေ့ရတယ်” “အေးပေါ့ ကျေးလက်ဒေသတွေမှာ မန်ကျည်းပင်အိုနဲ့ အဲဒီအပင်ရင်းမှာ အများသောက်ဖို့ထားရှိတဲ့ ရေချမ်းစင်ကလေးမှာ ရေအေးလေးသောက်ပြီး နေရောင်ခြည် ပူပြင်းလှတဲ့ အချိန်မှာ မန်ကျည်းပင်ရိပ်ခိုရတာ ဘယ်လောက် အမောပြေလိုက်သလဲလို့”

“တစ်မြို့နဲ့တစ်မြို့၊ တစ်ရွာနဲ့တစ်ရွာအကူး လမ်းဘေးဝဲယာတစ်လျှောက်မှာ ကုက္ကိုပင်နဲ့ မန်ကျည်းပင်တွေ အပြိုင်တွေ့နေရတယ်”

“မန်ကျည်းပင်ဟာ နှစ်ရှည်ခံပင်ဖြစ်တယ်၊ အခေါက်ကမည်းညိုရောင်ရှိတယ်၊ စိန်ပန်းမျိုးရင်းဖြစ်ပြီး အမြဲစိမ်း သစ်မာပင်ကြီးမျိုးဖြစ်တယ်၊ မန်ကျည်းပင်မှာ အချိုပင်၊ အချဉ်ပင်၊ မန်ကျည်းနီပင်၊ ကုလားမန်ကျည်း (သို့မဟုတ်) တရုတ်မန်ကျည်း(သို့မဟုတ်)ဆေးမန်ကျည်းလို့ အသီးသီး ခေါ်ကြပေမယ့် တိုင်းရင်းဆေးကျမ်းတွေမှာ ခွဲခြားပြထားတာ မတွေ့ရဘူး၊ မန်ကျည်းပင်ရဲ့ ဂုဏ်ရသတို့အနေနဲ့ တိုင်းရင်းဆေးကျမ်းများမှာ မန်ကျည်းပင်သည် ပူ၏၊ သည်းခြေကို ဖြစ်စေတတ်၏။ လေကို နိုင်၏လို့ ဖွင့်ဆိုထားတာ လေ့လာရဖူးတယ်”

“မန်ကျည်းနဲ့ပတ်သက်လို့ အရွက်၊ အပွင့်၊ အခေါက်၊ အစေ့၊ အသီး၊ အပွေးနဲ့ပဋ္ဌငါးပါးစတာတွေရဲ့ တစ်ခုချင်းဆေးဖက်ဝင်ပုံလေးကိုအချိန်ရသလောက် အကျဉ်းချုံး ပြောပြပေးပါ”

“မန်ကျည်းရွက်ဟာ အေးတဲ့ဂုဏ်ရှိတယ်၊ ချဉ်ဖန်တဲ့အရသာ ရှိတယ်၊ ဥတုဘောဇနသင်္ဂဟကျမ်းမှာ အခိုး၊ အကင်းနဲ့ သွေးလေတို့ကို ကြေစေတယ်၊ နှုတ်ကိုမြိန်စေတယ်၊ လေသလိပ်၊ ပိုး၊ အဆိပ်၊ ယားနာတို့ကို နိုင်စေတယ်လို့ ဆိုထားတယ်၊ ဆေးဖက်ဝင်ပုံတွေကတော့ နယ ရာသီကျမ်းမှာသည်တစ်နည်း၊ မန်ကျည်းအရွက်၊ ကျက်အောင်ကျိုရည်၊ ငန်သည်သိန္ဓော၊ ချိုသောအစု၊ ရောစုတိုက်ရလို့ စပ်ဆိုထားတဲ့အတိုင်း မန်ကျည်းရွက်ကိုပြုတ်ပြီး သိန္ဓောဆားနဲ့ သကြားဆတူရောစပ်ပြီး တိုက်ကျွေးရင် ဆီးချုပ်ဆီးအောင့် ရောဂါပျောက်စေတယ်၊ နရဩသဓ ကျမ်းမှာ ဝမ်းသွားပါက မန်ကျည်းရွက်နဲ့ ထန်းလျက်ကျွေးရတာ၊ အထက်လှန်အောက်လျှောဖြစ်ရင် မန်ကျည်းရွက်ကို ဆန်လှော်ထည့်ပြီး ဟင်းချက်ကျွေးရတာတွေ ပြဆိုထားသလို ဓာတုဝိဘာဂ ဒီပနီကျမ်းမှာလည်း မန်ကျည်းရွက်ကြမ်းရယ်၊ ကင်ပွန်းရွက်ကြမ်းရယ်၊ ကင်ပွန်းသီး၊ နနွင်းစိမ်းနဲ့ မြေစာမြက်စတာတွေကို ဆတူပမာဏစုကာ ညက်အောင်ထောင်း၊ ကြပ်ထုပ်လုပ်ပြီး မီးနွေးနွေးနဲ့ ဆီးစပ်ပေါ်မှာ အထက်သို့ပင့်လျက် ကြပ်ထုပ်ထိုးပေးခြင်းဖြင့် အမျိုးသမီးများ ဓမ္မတာသွေးဆင်း လွန်တာ၊ ဆီးအောင့်တာတို့ကို သက်သာပျောက်ကင်းစေတယ်လို့ ပြဆိုထားတယ်။

နောက်ပြီး မျက်စိနာရောဂါအတွက် မန်ကျည်းရွက် သုံးကျပ်သားနဲ့ ဆားတစ်မတ်သားကို သန့်ရှင်းစွာ ရောထောင်းပြီး ရလာတဲ့ မန်ကျည်းရွက်တွေကို မျက်ခွံပေါ်တင်ပြီး အဝတ်ပါးပါးသန့်သန့်နဲ့စည်း၍ အိပ်စေရတယ်။ မန်ကျည်းရွက်ကြမ်းသတ္တုရည်မှာ ရေအနည်းငယ်ထည့်ပြီး ကြေးပြားထည့်သွင်း၍ သုံးရက်စိမ်ပြီး ရလာတဲ့အရည်ကို မျက်စဉ်းအဖြစ် ခတ်ပေးရတယ်၊ မန်ကျည်းရွက်သတ္တုရည်ကို နှမ်းဆီနဲ့ရောချက်ပြီး ရရှိလာသောအဆီကို နားမှာအနည်းငယ် ခတ်ပေးရင် နားကိုက်တာကို သက်သာစေပြီး ချွေးထွက်လွန်ခြင်းနဲ့ ချွေးထွက်နံ့မကောင်းခြင်းတို့ဖြစ်ပါက မန်ကျည်းရွက်နဲ့ကလိမ်စေ့ ရောစားပေးရင်သက်သာပျောက်ကင်းစေပါတယ်။

သလိပ်ပုပ်ရှိရင်လည်း မန်ကျည်းရွက်ကြမ်း တစ်ပြည်ကို နေရိပ်မှာ အခြောက်လှန်း၍ ရရှိလာသော အရွက်ခြောက်များကို ညက်အောင် ကြိတ်ပြီး ထန်းလျက်နဲ့ဆတူရောကာ နံနက် ည တစ်နေ့နှစ်ကြိမ်၊ တစ်ကြိမ်လျှင် နှစ်ပဲသားခန့် စားသုံးပေးရမယ်၊ သွေးဝမ်းသွားခြင်းအတွက် မန်ကျည်းရွက်ခြောက်မှုန့် တစ်ဆယ်ကျပ်သား၊ ထန်းလျက်ငါးကျပ်သား၊ သိန္ဓော တစ်ကျပ်သားနဲ့ ဇဝက်သာ တစ်ကျပ်သားတို့ကိုရော၍ စားပေးရင် သက်သာစေပါတယ်၊ မြွေကိုက်ရင် မန်ကျည်းရွက်သတ္တုရည် ဆယ့်နှစ်ပဲသားကို သိန္ဓောဆား တစ်ကျပ်ရှစ်ပဲသားနဲ့ ရောပြီး သောက်နိုင်သလို ဆီးပူလျှင်လည်း မန်ကျည်းရွက်သတ္တုရည်ကို နံနက်ည တစ်နေ့နှစ်ကြိမ် တစ်ကြိမ်လျှင် လက်ဖက်စားဇွန်း နှစ်ဇွန်းခန့် သောက်ပေးရပါမယ်။

“မန်ကျည်းရွက်နဲ့ပတ်သက်လို့ အတော့်ကို အသုံးဝင်ကြောင်း ဘကြီးထွေး ပြောမှ စုံစုံလင်လင်သိရတော့တယ်။ ရှေးရှေးကတည်းက ကျေးလက်တောရွာတွေမှာ ချဉ်ရည်ဟင်းချက် စားသောက်ခဲ့ကြတဲ့ ဓလေ့နဲ့ ပတ်သက်ပြီး မန်ကျည်းငုတ်တို ရွက်နုပေါက်မှ ချဉ်ရည်သောက်စို့ မလေးရယ်၊ ဘုရားငုတ်တို ရောင်တော်လွှတ်မှ ပုံတော်ဝတ်စို့ မလေးရယ် လို့ ကျေးလက်ကဗျာမှာ စပ်ဆိုထားတာ လေ့လာရဖူးပါတယ်”

“မန်ကျည်းရွက်စားတာနဲ့ ပတ်သက်လို့ မန်ကျည်းရွက်နုဟာ ဖန်ချုပ်စေတတ်တဲ့အတွက် အထူးသဖြင့် အညောင်းထိုင်သူများနဲ့ ဓမ္မတာသွေး ပေါ်ခါနီး အမျိုးသမီးများအနေနဲ့ အလွန်အကျွံမစားမိဖို့ လိုတယ်ကွယ့်၊ မန်ကျည်းပွင့်အကြောင်း ဆက်ပြောရရင် အနည်းငယ်ဖန်ချဉ်တယ်၊ အေးတဲ့ဂုဏ်ရှိတယ်၊ ဥတုဘောဇနသင်္ဂဟကျမ်းနဲ့ ရှုတော်မူဆေးအဘိဓာန်တွေမှာ သလိပ်ကိုနိုင်စေတယ်၊ လေကိုပျက်စေတယ်၊ ကြေလွယ်တယ်၊ ဝမ်းမီးကို တောက်စေတယ်လို့ ဖွင့်ဆိုထားသလို မန်ကျည်းပွင့်ကို ထန်းလျက်နဲ့စားရင် သွေးဝမ်းသွားတာ ပျောက်စေတယ်ဆိုတာကို နရဩသဓကျမ်းမှာ သွေးဝမ်းတစ်လီ၊ နီနီတစ်ချက်၊ အောက်သို့သက်သော်၊ ထန်းလျက်ကောင်းနှင့် မန်ကျည်းပွင့်ထည့်လို့ ညွှန်းဆိုထားသလို ဓာတုရသ လေးစောင်တွဲမှာလည်း ထိုအပွင့်ကား သွေးဝမ်းလားသို့၊ ထည့်ငြားထန်းလျက်၊ ရောစွက်ကုမှ၊ ချမ်းသာရ၏လို့ ဖော်ပြထားပြန်တယ်”

“အသီးအကြောင်း ပြောပြပါဦး”

“အသီးစိမ်းကတော့ ချဉ်တယ်၊ ပူတယ်၊ အနည်းငယ်ချိုတယ်၊ အသီးစိမ်းနုဟာ အဖန်များတယ်၊ သည်းခြေနဲ့ သလိပ်ကို ဖြစ်စေတယ်၊ လေနဲ့သွေးကို ဖျက်ဆီးတတ်တယ်၊ ဓာတုဩသဓသင်္ဂဟကုထုံးမှာ မန်ကျည်းသီးနုဟာ အအေးပထဝီဓာတ်ကြိုက် အတက်ဓာတ်လို့ ပြဆိုထားပြီး ဥတုဘောဇနသင်္ဂဟကျမ်းမှာ လေသလိပ်၊ အဆီခဲတို့ကိုနိုင်၏၊ သည်းခြေတို့ကို ပျက်စေ၏လို့ ဆိုထားသလို

တင်ထွဋ် (အစိုးရတိုင်းရင်းဆေး)

ရှုတော်မူဆေးအဘိဓာန်မှာ ချဉ်ဖန်အရသာရှိကြောင်း၊ ကျိုချွဲကြောင်းနဲ့ သလိပ်၊ အဆီခဲနာကိုနိုင်ကြောင်း၊ သွေးသည်းခြေကို ပျက်စေတတ်ကြောင်း၊ လေကိုချုပ်စေတတ်ကြောင်း ပြဆိုထားတယ်။ နောက်ပြီးအသီးမှည့်အနေနဲ့ တက်သည့်အပူ၊ ငြိမ်းစေဟူ၍ သွေးမူကြည်လင်လို့ ဓာတုရသ လေးစောင်တွဲမှာ ပြထားသလို မန်ကျည်းမှည့်သည် လေသလိပ်ကိုနိုင်၏။ သည်းခြေကို အနည်းငယ်ပျက်စေ၏လို့ ဥတုဘောဇနသင်္ဂဟကျမ်းမှာ ဆိုထားပါတယ်၊ နောက် ဓာတုဩသဓ ရာသီသင်္ဂဟ ကုထုံးမှာလည်း မန်ကျည်းမှည့်သည် အအေး၊ အာပေါဓာတ်ဟု ပြဆိုထားတယ်လေ”

“မန်ကျည်းနဲ့ပတ်သက်လို့ ဆေးကျမ်းတွေမှာ တော်တော်များများ ရေးသားပြုစုခဲ့တယ်နော်”

“မန်ကျည်းသီးနုကို ထောင်းပြီး ဆီသတ်ကာ မှျင်ငါးပိ၊ ငရုတ်သီးစိမ်း၊ ငါး၊ ပုစွန် စတာတွေထည့်ကာ ထမင်းမြိန်စေတဲ့ မြန်မာဟင်းတစ်ခွက်အဖြစ် စားလေ့ရှိသလို မန်ကျည်းသီးမှည့်ကို သကြားနဲ့နယ်ပြီး မန်ကျည်းတော်ဖီ အဖြစ် ထန်းလျက်စတာနဲ့နယ်ပြီး မန်ကျည်းယိုအဖြစ် အသီးသီး စီးပွားဖြစ် ရောင်းကြတယ်လေ”

“မန်ကျည်းမှည့်ကို ဘဲဥ၊ ငါး စတာတွေနဲ့ ချဉ်ဟင်းချက်စားရင်လည်း ထမင်းမြိန်သလို ဘုရားကြေးပန်းအိုး၊ ကြေးသွန်းဖလားစတဲ့ ကြေးနဲ့ လုပ်ထားတဲ့ ပစ္စည်းတွေကိုလည်း ပွတ်တိုက်ဆေးကြောရာမှာ သုံးရင် ဝင်းလက်ပြောင်စင်စေတယ်နော်”

“မန်ကျည်းမှည့်ဟာ ဆီးဝမ်းရှင်စေ၊ ဝမ်းမီးကိုတောက်စေ၊နှုတ်ကို မြိန်စေ၊ အပူအပုပ်ကိုကြေစေ၊ လေသလိပ်တို့ကို နိုင်နင်းစေ စတဲ့ အကြောင်းတွေကို ဇီဝိတဝဓနဆေးကျမ်း၊ ဥတုဘောဇနသင်္ဂဟကျမ်းနဲ့ ရှုတော်မူဆေးအဘိဓာန်တို့မှာ အသီးသီးဖွင့်ဆိုထားတာ တွေ့ရတယ်၊ မန်ကျည်းမှည့်ကို ဆောင်းရာသီသုံးဖြစ်တဲ့ ဝမ်းချုပ်ရင် ကန်စွန်းရွက်၊ ကင်ပွန်းရွက်တို့နဲ့စပ်၍ ချက်စားရသလို နှာစေး၊ ချောင်းဆိုးအတွက် မန်ကျည်းမှည့် ထမင်းစား ဇွန်းနှစ်ဇွန်း၊ ဆား ထမင်းစားဇွန်း တစ်ဇွန်းတို့ကို ရေပမာဏ ထမင်းစားဇွန်း နှစ်ဇွန်းနဲ့ဖျော်ပြီး ရှူပေးရတယ်၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၁) သေမပုတိက မက်လင်ချဉ် သလိပ်ပုပ်ပျောက်ဆေးကို မန်ကျည်းမှည့်ရည်နဲ့ ရောတိုက်ခြင်းဖြင့် လည်ချောင်းကွဲ၊ လျှာကွဲနာများ၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၈) (သွေးဒူလာဆေး)ငါးကျပ်သား၊မန်ကျည်းမှည့်အနှစ်တစ်ဆယ်သား၊ ထန်းလျက်တစ်ဆယ်သားတို့ကို ရောစပ်၍ ဖျော်ပြီး ရေအေးနဲ့တိုက်ခြင်းဖြင့် မီးယပ်ပိန်၊ မီးယပ်ခြောက်ရောဂါများ၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၉) (ဆီးဒူလာဆေး) ငါးကျပ်သားကို မန်ကျည်းနှစ် တစ်ဆယ်သား၊ ထန်းလျက် တစ်ဆယ့်ငါးကျပ်သား ရောစပ်၍ ညအိပ်ရာဝင် ရေအေးနဲ့သောက်ခြင်းဖြင့် ဒူလာအညောင်းကိုက်ရောဂါများ၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၁၀) (ဆီးရှင်ဝမ်းနုတ်ဆေး)ငါးကျပ်သား၊ မန်ကျည်းမှည့်နှစ် တစ်ဆယ်သား၊ ထန်းလျက် တစ်ဆယ့်ငါးကျပ်သားနဲ့ ဆားငါးကျပ်သား၊ ရောတေ၍ ညစဉ် ရေအေးနဲ့ သောက်ခြင်းဖြင့် နာတာရှည်မီးယပ်ဒူလာ ရောဂါများ၊ ဆီးဝမ်းချုပ်ခြင်းများ အတွက် အသီးသီး သက်သာပျောက်ကင်းစေတယ်”

“သ၊မ၊ထော၊ပျား၊ပွေးဆိုတဲ့ ရှေးသမားစဉ်သက်စောင့်တေဆေးမှာ ‘မ’ ဆိုတဲ့ မန်ကျည်းသီးပါတယ်ဆိုတာ လေ့လာဖူးပါတယ်”

“မန်ကျည်းစေ့အနေနဲ့ကတော့ မီးဖုတ်၍ သရေစာအဖြစ် အင်းလေးဒေသမှ အင်းသားလူမျိုးတို့ စားလေ့ရှိကြောင်း၊ မန်ကျည်းစေ့ဆံကို သွေး၍ဖြစ်စေ၊ အမှုန့်ပြု၍ဖြစ်စေ သောက်ပါက ဝမ်းပျက်ခြင်း၊ ဝမ်းကိုက်ခြင်းတို့ကို ပျောက်စေကြောင်း၊ မန်ကျည်းစေ့ကို ရေထဲ၌တစ်ညတာစိမ်ပြီး နောက်နေ့မနက် အစေ့ထုတ်ကာ နွားနို့နဲ့ကြိတ်၍ သောက်ပေးပါက မီးယပ်ဖြူဆင်းခြင်း၊ ဆီးလွန်ခြင်းတို့ ပျောက်ကင်းစေတဲ့အပြင် မန်ကျည်းစေ့အခွံကို လှော်၍ အမှုန့်ပြုပြီး တစ်ပဲသားခန့် သောက်သုံးခြင်းဖြင့် သွေးဝမ်းသွားခြင်း၊ ဝမ်းအလွန်ချုပ်ခြင်းတို့အတွက် ပျောက်ကင်းသက်သာစေကြောင်း လေ့လာရဖူးတယ်”

“မန်ကျည်းစေ့နဲ့ပတ်သက်လို့ အတွင်းသားကို အကောင်းဆုံးသစ်သားကပ်ကော်အဖြစ် ထုတ်လုပ်ပြီး အထပ်သားစက်ရုံတွေမှာ စက်မှုကုန်ကြမ်းအဖြစ် အသုံးပြုတာ၊ အဲဒီကော်ထုတ်ပြီးအဖတ်များကို တိရစ္ဆာန် အစာအဖြစ် အသုံးပြုနိုင်တယ်ဆိုတာကို ကျွန်တော်လည်း လေ့လာမှတ်သားရဖူးပါတယ်ဘကြီးထွေး”

“ကဲ-အသုံးများလှတဲ့ မန်ကျည်းခေါက်အကြောင်း ပြောကြဦးစို့၊ ကိုယ်အပူချိန်မြင့်ပြီး လူးလဲနေပါက မန်ကျည်းခေါက်ကို ရေနဲ့သွေး၍ နဖူးကစပြီး တစ်ကိုယ်လုံးလိမ်းပေးခြင်းဖြင့် သက်သာသွားစေနိုင်တယ်။ အဲဒီအခေါက်ကို အပွေးနဲ့တကွ ပြာချပြီး ရလာသောပြာကို အစာစားပြီးတိုင်း ရေနဲ့ရောသောက်ရင် လေချဉ်တက်တာ၊ ပျို့အန်တာတို့ကို ပျောက်စေသလို အဲဒီပြာကိုပဲ ပျားရည်နဲ့ ဖျော်ပြီး လျက်ပေးရင် ဝမ်းဗိုက်အောင့်တာကို ပျောက်စေတယ်။ **မန်ကျည်းခေါက်ကို ဆားအနည်းငယ်ထည့်သွေးပြီး ညအိပ်ရာဝင် မျက်ခွံပေါ်လိမ်းပေးပြီး အိပ်ရင် မျက်စိနာပျောက်ကင်းစေသလို မိတ်ဖု၊ အနာဖု၊ သွေးပူ၊ သွေးယားခြင်းများ၊ အဆိပ်ရှိသတ္တဝါများကိုက်တဲ့ ဒဏ်ရာများအတွက် မန်ကျည်းခေါက်ကို ရေနဲ့သွေးလိမ်းပေးခြင်းဖြင့် ပျောက်ကင်းသက်သာစေပါတယ်။** မန်ကျည်းဟာ ဘယ်လောက်တောင် အသုံးဝင်လဲဆိုရင် မန်ကျည်းပင်မှာ ကပ်ပေါက်နေတဲ့ မန်ကျည်းမှိုကို ညက်ညက်ကြိတ်ပြီး ဆီနဲ့ဖျော်လို့ ကြက်တောင်နဲ့ နားကိုကျပ်ပေးရင် နားကိုက်၊ နားအူတာတွေ ပျောက်စေတယ်လို့ နယရာသီကျမ်းမှာ ဖွင့်ဆိုထားတယ်ကွယ့်”

“မန်ကျည်းဖျော်ရည်နဲ့ပတ်သက်ပြီး ရှင်းပြပါဦးခင်ဗျာ”

“မန်ကျည်းဖျော်ရည်ဟာ ရင်တွင်းအေးစေပြီး အားကိုဖြစ်စေတဲ့အတွက် မန်ကျည်းဖျော်ရည်ကို သန့်ရှင်းလတ်ဆတ်အောင်စီမံပြီး နေ့စဉ်သောက်သုံးပေးရင် ဆီးဝမ်းမှန်ပြီး အင်အားကို တိုးစေတဲ့အတွက် အာယုဝနဆေးအဖြစ် မှီဝဲ သုံးစွဲနိုင်ပါတယ်။ ရေငတ်ဝမ်းကျခြင်းအတွက် မန်ကျည်းဖျော်ရည်ကို တိုက်ပေးနိုင်သလို ထုံးရည်ကြည်နဲ့ မန်ကျည်းမှည့် ရောစပ် တိုက်ပေးနိုင်ပါတယ်”

“မီးဖိုချောင်သုံး ပစ္စည်းလည်းဖြစ်၊ လူသိလည်းများ၊ အရိပ်လည်းရ၊ အသုံးလည်းတွင်ကျယ်၊ တစ်ပင်လုံး ဆေးဖက်လည်းဝင်လှတဲ့ မန်ကျည်းအကြောင်းကို ယခုလိုရှင်းပြတဲ့အတွက် ဘကြီးထွေးကို အထူးပဲကျေးဇူးတင်လှပါတယ်”

“မောင်ရင့်အနေနဲ့ ယခု ဆွေးနွေးသွားတဲ့ အကြောင်းအရာတွေကို ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုတစ်ရပ်အနေနဲ့ ထပ်ဆင့်ဖောက်သည်ချပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်ကွယ်”။ ။

မန်ကျည်းခေါက်ကို ဆားအနည်းငယ်ထည့်သွေးပြီး ညအိပ်ရာဝင် မျက်ခွံပေါ်လိမ်းပေးပြီးအိပ်ရင် မျက်စိနာပျောက်ကင်းစေသလို မိတ်ဖု၊ အနာဖု၊ သွေးပူ၊ သွေးယားခြင်းများ၊ အဆိပ်ရှိသတ္တဝါများကိုက်တဲ့ ဒဏ်ရာများအတွက် မန်ကျည်းခေါက်ကို ရေနဲ့သွေးလိမ်းပေးခြင်းဖြင့် ပျောက်ကင်းသက်သာစေပါတယ်။

မန်ကျည်းဖျော်ရည်ဟာ ရင်တွင်းအေးစေပြီး အားကိုဖြစ်စေတဲ့အတွက် မန်ကျည်းဖျော်ရည်ကို သန့်ရှင်းလတ်ဆတ်အောင်စီမံပြီး နေ့စဉ် သောက်သုံးပေးရင် ဆီးဝမ်းမှန်ပြီး အင်အားကို တိုးစေတဲ့အတွက် အာယုဝနဆေးအဖြစ် မှီဝဲ သုံးစွဲနိုင်။

“၂၅ ခုတင်ဆံ့ကနေ ၂၀၀၃ ခုနှစ်ကစပြီး ခုတင် ၅၀ဆံ့ ဆေးရုံ တိုးချဲ့ ဖွင့်လှစ်ခဲ့ပါတယ်”

ဒေါက်တာမောင်ဝင်း
ဆေးရုံအုပ်ကြီး
ဘုတ်ပြင်းမြို့ ပြည်သူ့ဆေးရုံ။

● *ကျောဖုံးမှ*

ကော့သောင်းနှင့် ဘုတ်ပြင်းမြို့နယ်များအကြား ဆီအုန်းများအထူးအောင်မြင်လျက်ရှိသည်ကို တွေ့ရှိခဲ့ရသည်။ မြန်မာ့အလင်းသတင်းအဖွဲ့သည် တနင်္သာရီတိုင်းအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးသတင်းဆောင်းပါးများ ရေးသားရန် မကြာမီက ဘုတ်ပြင်းမြို့သို့ ရောက်ရှိခဲ့ကြသည်။

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဇင်၏ ကြီးကြပ်စီမံမှုဖြင့် ဘုတ်ပြင်းမြို့ကို လေ့လာခဲ့သည်။ ဘုတ်ပြင်းမြို့သည် တနင်္သာရီတိုင်းအတွင်းရှိ ကမ်းရိုးတန်းဒေသ မြို့နယ်တစ်ခုဖြစ်သည်။ မြို့နယ်၏ အရှေ့ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ တောင်ဘက်၌ ကော့သောင်းမြို့နယ်၊ မြောက်ဘက်တွင် ကျွန်းစုမြို့နယ်များနှင့် ဆက်စပ်လျက်ရှိသည်။ ဘုတ်ပြင်းမြို့နယ်ကို မြို့ပေါ် ရပ်ကွက်လေးခု၊ ကျေးရွာအုပ်စု ၂၁အုပ်စုနှင့် ကျေးရွာပေါင်း ၁၀၂ ရွာဖြင့် ဖွဲ့စည်းတည်ရှိနေသည်။

ဘုတ်ပြင်း

မြန်မာ့အလင်း သတင်းအဖွဲ့သည် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဦးမြထွန်း၏ စီစဉ်ပေးမှုဖြင့် ဘုတ်ပြင်းတစ်မြို့နယ်လုံး အားကိုးအားထားပြုနေရသည့် အထွေထွေရောဂါကုဆေးရုံသို့ သွားရောက်လေ့လာခဲ့သည်။

ဆေးရုံအဆောက်အအုံမှာ မကြာမီက အသစ်ပြုပြင်မွမ်းမံထားခြင်းကြောင့် သစ်လွင်လှပနေသည်။ မှန်ပေသည်။ ယင်းဆေးရုံကြီးကို တောင်ဒဂုံ ဆီအုန်းကုမ္ပဏီက ငွေကျပ် ၅၃၈ သိန်း အကုန်အကျခံ၍ ၂၀၀၈ခုနှစ် ဧပြီ ၂ ရက်က အသစ်မွမ်းမံ တည်ဆောက်ပေးခဲ့သည်။

“ကျွန်တော်တို့ ဒီဘုတ်ပြင်း အထွေထွေရောဂါကုဆေးရုံကြီးဟာ အစက ၂၅ ခုတင်ဆံ့ ဆေးရုံဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံတော်က ၂၀၀၃ ခုနှစ်မှာ ခုတင် ၅၀ဆံ့ ဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပါတယ်၊ ဒီဆေးရုံဟာ မြို့ကြီးတွေနဲ့ အလှမ်းကွာဝေးတဲ့ နယ်မြေဒေသမှ ပြည်သူတွေအတွက် တကယ်အကျိုးပြုတဲ့ ဆေးရုံကြီးပါပဲ”ဟု ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်းက ပြောကြားသည်။

ဆေးရုံတွင် ဓာတ်ခွဲခန်း၊ ဓာတ်မှန်၊ အီးစီဂျီစက်များနှင့် နေရောင်ခြည်သုံး ရေခဲသေတ္တာများလည်း အပြည့်အစုံထားရှိသည်ကို တွေ့ရသည်။

ပြုစုစောင့်ရှောက်

အဆိုပါ ဘုတ်ပြင်း ဆေးရုံကြီးတွင် ဆရာဝန်များ၊ သူနာပြုများဖြင့် ဒေသနေပြည်သူများ၏ ကျန်းမာရေးကို နေ့စဉ်မပြတ် ကျန်းမာရေး ပြုစုစောင့်ရှောက်ပေးလျက်ရှိသည်ကို တွေ့ရသည်။

အလှမြင်ကွင်း

ထိုမှ ဆက်လက်၍ သတင်းအဖွဲ့သည် အဆိုပါ ဆေးရုံအနီးရှိ တောင်ထိပ်တစ်ခုပေါ်တွင် တည်ထားကိုးကွယ်သည့် အောင်တော်မူစေတီကိုလည်း တက်ရောက်ဖူးမြော်ခဲ့ကြသည်။ ယင်းတောင်ကုန်းပေါ်မှ ဘုတ်ပြင်းမြို့၏ အလှမြင်ကွင်းကို ရှုမျှော်မဆုံး တွေ့ရသည်။

ဒေသ၏ အခြေခံစီးပွားရေးလုပ်ငန်းများဖြစ်သည့် ရေလုပ်ငန်းများနှင့် ငှက်သိုက်လုပ်ငန်းများ တိုးတက်လာခြင်းကြောင့် နေအိမ်များ တိုက်တာများအဆင့်သို့ ပြောင်းလဲလာသည့် မြင်ကွင်းကို အနီးကပ် မြင်တွေ့ရသည်။ ဘုတ်ပြင်းမြို့ကို ပင်လယ်ပြင်မှ ရိုက်ခတ်လာမည့် ဆူနာမီ ဒီလှိုင်းများဒဏ်မှ ကာကွယ်နိုင်ရန် ဒီရေရောက်တောများဖြင့် ကမ်းရိုးတန်းတစ်လျှောက် ကာဆီးနေသည်ကို တွေ့ရသည်။

မြို့အလှ

ဘုတ်ပြင်းမြို့သည် ကွမ်းသီးပင်များ၊ အင်ကြင်းကဲ့သို့သော အဖိုးတန်သစ်တောကြီးများက အနီးကပ် ဝန်းရံလျက်ရှိသဖြင့် မြို့၏အလှကို ပို၍တိုးစေသည်။

ဤသို့ဆိုလျက် ဘုတ်ပြင်းမြို့သည် ဆေးရုံဆေးခန်း၊ ဆက်သွယ်ရေးစခန်းတို့အပြင် ပညာရေးအတွက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့်အထက်တန်းကျောင်းများ ရှိခြင်းတို့ကြောင့် ဒေသနေ ပြည်သူများအတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုဘဝ အဆင့်အတန်းများ တဖြည်းဖြည်း မြင့်မားကာ တိုးတက်ပြောင်းလဲလာခဲ့ပြီ ဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့ ခုတင် ၅၀ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံကြီးကို တွေ့ရစဉ်။
(မြန်မာ့အလင်း)

မိုလောင်းပြီး ဖိုက်ဘာလှေကို ဤသို့ ကော်သားအဆင့်ဆင့် သုတ်ပေးရသည်။
(မြန်မာ့အလင်း)

■ *ကျောဖုံးမှ*

မြန်မာတို့ နှစ်ပေါင်းများစွာ အသုံးပြုနေခဲ့ကြသော လှေ၊သမ္ဗန်စသည့် ရေယာဉ်ငယ်များကို ကျွန်းသစ်ဖြင့် တည်ဆောက်ခဲ့ရာ တာရှည်ခံရန်နှင့် ရေမစိမ့်စေရန် ကျွန်းသားကိုစပ်၍ အသားကျစေရေး ရက်ပေါင်းများစွာ အချိန်ပေးရသဖြင့် လုပ်ငန်းတွင်ကျယ်မှု နှောင့်နှေးခဲ့ရသည်။

အစားထိုး

ယခုအခါတွင် လူတို့အသုံးပြုနေကြသည့် နေအိမ်အဆောက်အအုံ၊ အမိုး၊ အကာ၊ ယာဉ်၊ ပစ္စည်းစသည်တို့၌ သုံးစွဲလျက်ရှိကြသော သစ်၊ ဝါး၊ သွပ်၊ သံ၊ ကြေးစသည့် နေရာအတော်များများတို့တွင် ဖိုက်ဘာ၊ပလတ်စတစ်တို့ အစားထိုးသုံးစွဲလာကြသည်ကို တွေ့ကြရမည်ဖြစ်သည်။

တန်ဖိုးသက်သာခြင်း၊ ရေရှည်ခိုင်ခံ့ခြင်း၊ အချိန်တိုအတွင်းမှာယူနိုင်ခြင်း၊ ပေါ့ပါး သွက်လက်ခြင်းတို့ကြောင့် နေရာအတော်များများတွင် အသုံးပြုလာကြသည်ကို တွေ့မြင်နေရသည်။

စူးစမ်း

ချောင်း၊ မြောင်း၊ အင်း၊ အိုင်တို့တွင် ငါးဖမ်းကြသူများ၊ ငါးမွေးမြူကြသူများအဖို့ သွားလာရေးလွယ်ကူပြီး ပေါ့ပေါ့ပါးပါးသယ်ယူနိုင်သည့် ဖိုက်ဘာလှေများကို စက်တပ်ပြီး အသုံးပြုနေကြသည်ကို သတင်းအဖွဲ့ တွံတေးမြို့သို့ ရောက်ခဲ့စဉ်က တွေ့မြင်ခဲ့သည်။ စူးစမ်းလိုစိတ်လည်း ဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် တွံတေးတူးမြောင်းအတွင်း ဝဲယာ ရွာကမ်းစပ်တွင် ဖိုက်ဘာလှေလုပ်ငန်း လုပ်ကိုင်နေသော အိမ်ကလေးများမှ ဦးဖိုးတူမိသားစု အိမ်တွင်းလုပ်ငန်းအဖြစ် ဖိုက်ဘာလှေများ လုပ်ကိုင်သည့်နေရာသို့ သွားရောက်မေးမြန်းခဲ့ကြသည်။

လိုက်လံရှင်းပြ

ဦးဖိုးတူတို့မိသားစုမှာ မိသားစုလုပ်ငန်းအဖြစ် ဖိုက်ဘာလှေများကို မိုလောင်း၍ အရှည်ကိုးပေအရွယ်နှင့် အရှည်၃၁ပေအရွယ် ဖိုက်ဘာလှေများ ပုံဖော်သွန်းလောင်း ပြုလုပ်နေကြသည်ကို တွေ့ရသည်။ သတင်းအဖွဲ့ မေးမြန်းနေစဉ်အတွင်း လှေဝယ်မည့် သူတို့လိုက်လာ၍ ဦးဖိုးတူလိုက်လံရှင်းပြနေသဖြင့် မှတ်သားခဲ့ရသည်။

“အရွယ်အစားအမျိုးမျိုးကို ကျွန်တော်တို့ဆောင်ရွက်ပေးနိုင်ပါတယ်။ အမိုးလိုအပ်ရင်လည်း အမိုးပါ တည်ဆောက်ပေးနိုင်ပါတယ်။ ကြိုတင်မှာကြားဝယ်ယူလိုပါက ရက်သတ္တပတ်အတွင်းပြီးအောင် တည်ဆောက်ပေးနိုင်ပြီး ဝယ်ယူသူစိတ်တိုင်းကျ ပုံစံကို အထူးပြုလုပ်၍ တည်ဆောက်ပေးမှာဖြစ်ပါတယ်”ဟု ရှင်းလင်း ပြောကြားသည်။

စိတ်ချ

ဖိုက်ဘာလှေကို ပြုလုပ်ရာ၌ မိုပေါင်းချိန်တွင် ဖျော်စပ်ပေါင်းသည့် ကော်သုံးစွဲရာ၌ ဂရုစိုက်၍ ညီညာအောင် စိတ်ရှည်စွာ သတိထားဆောင်ရွက်ပေးရသည်။ သို့မှသာ အသုံးပြုသည့်အခါ ရေအရှိန်ဖြင့်ရိုက်မိ၊ ဆောင့်မိသော်လည်း လှေဝမ်းဗိုက်ကွဲခြင်း မရှိနိုင်တော့ပေ။ ရေစိမ့်ဝင်ခြင်း၊ ရေယိုခြင်းများမဖြစ်အောင် ဂရုစိုက်ပြုလုပ်ပေးထားမှုကြောင့် ဖိုက်ဘာလှေကို စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ခြင်းဖြစ်သည်။

စိတ်ဝင်စား

ယခုအခါ တွံတေးမြို့နယ်တွင် ဖိုက်ဘာလှေလုပ်ကိုင်ကြသူ ခြောက်ဦးခန့်ရှိရာ အပြိုင်အဆိုင် လုပ်ငန်းများ လုပ်ကိုင်လာကြသည်။ ထို့ကြောင့်ဖိုက်ဘာလှေပြုလုပ်ရာတွင် နိုင်ငံခြားမှလာသော ပုံစံအချိုးအစားအတိုင်း သွန်းလောင်းနိုင်ကြပြီဖြစ်ရာ ဝယ်ယူကြသူများလည်း စိတ်ဝင်စားပြီး သုံးစွဲလာကြပြီဖြစ်ကြောင်း ကိုယ်တွေ့လေ့လာ ရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဖိုက်ဘာလှေ ဝယ်ယူမည့်သူများကို ဦးဖိုးတူက ဤသို့ ရှင်းပြသည်။
(မြန်မာ့အလင်း)

အာဆင်နယ်တို့နောက်ကျဂိုးဖြင့် သုံးမှတ်ယူ ဗီလာတို့ အိမ်ကွင်းတွင် ဝက်စ်ဘရွန်းကိုနိုင်ပွဲရ

အားကစားသတင်းမှတ်စု - မောင်ချစ်ကြည်

လန်ဒန် ဇန်နဝါရီ ၁၀

ပရီမီယာလိဂ်ပွဲစဉ်(၂၁)ကို ဇန်နဝါရီ ၁၀ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အာဆင်နယ်နှင့် ဘော်လ်တန်တို့ပွဲတွင် အာဆင်နယ်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ပွဲရပြီး ဗီလာနှင့် ဝက်စ်ဘရွန်းတို့ပွဲ၌ ဗီလာက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အာဆင်နယ်နှင့် ဘော်လ်တန်

အာဆင်နယ်တို့အိမ်ကွင်း၌ တစ်ဖက်သတ်ဖိကစားနိုင်ခဲ့သော်လည်း တိုက်စစ်မှူးများဆန္ဒစောနေမှုကြောင့် ပွဲချိန်ပြည့်ခါနီးမှ ဂိုးသွင်းယူနိုင်ခဲ့သည်။ ဗန်ပါစီ၊ အဒီဘာယောတို့ကို တိုက်စစ်အတွဲတင်ထားပြီး အီဘူး၊ နာဆရီ၊ ဒီနယ်လ်ဆင်နှင့် ဒီရာဘိုင်တို့က အပေးအယူ အချိတ်အဆက်မိမိ ကစားနိုင်ခဲ့သည်။

မဖြိမ်းခြောက်နိုင်

ဘော်လ်တန်တို့ တိုက်စစ်တွင် အီလ်မန်ဒါတစ်ဦးတည်း တင်ကစားထားပြီး ကီဗင်ဒေးဗစ်၊ တေလာ၊ မူအမ်ဘာနှင့် မက်ကင်းတို့က တိုက်စစ်ကို ပံ့ပိုးပေးခဲ့သော်လည်း တိုရေးဦးဆောင်သော အာဆင်နယ် နောက်တန်းကို မခြိမ်းခြောက်နိုင်ဘဲ ဂိုးသွင်းခွင့် တစ်ကြိမ်သာ ရရှိခဲ့သည်။

ကာကွယ်

အာဆင်နယ်တို့ ဘော်လ်တန် နောက်တန်းကို ကျော်ဖြတ်ပြီး ဂိုးသွင်းခွင့် ၁၇ ကြိမ်ရရှိခဲ့ရာ အပိုင်ကန်သွင်းခွင့် လေးကြိမ်ရရှိခဲ့သည်။ ၁၃ မိနစ်၌ ဗန်ပါစီ၏ ဘယ်ခြေဖြင့် ကန်သွင်းချက် လွဲချော်ခဲ့သလို ၃၇မိနစ်၌ အာဆင်နယ်ကွင်းလယ်ကစားသမား ဒီနယ်လ်ဆင်၏ ကန်သွင်းချက်ကလည်း ဘေးထွက်ခဲ့သဖြင့် အာဆင်နယ်တို့ နစ်နာခဲ့ရသည်။ ၆၃မိနစ်၌ အဒီဘာယော ဂိုးဧရိယာအတွင်းမှ အပိုင်ကန်သွင်းမှုကို ဘော်လ်တန် ဂိုးသမားဂျူစီ ကာကွယ်သွားနိုင်ခဲ့သည်။

အနိုင်ရရှိ

အာဆင်နယ်က ၇၅မိနစ်၌ အီဘူးအစား ဘင့်တနာကိုအစားထိုးကစားစေခဲ့ရာ ၈၄မိနစ်၌ ဗန်ပါစီဂိုးရှေ့ ဖြတ်တင်ပေးလိုက်သည့်ဘောလုံးကို ဘင့်တနာက ဘော်လ်တန်ဂိုးနှင့် ခြောက်ကိုက်အကွာမှ ညာခြေဖြင့် အပိုင်ကန်သွင်းယူခဲ့သဖြင့် အာဆင်နယ်တို့ ယင်းတစ်ဂိုးတည်းဖြင့် အနိုင်ရရှိပြီး သုံးမှတ်အပြည့် ရရှိခဲ့ခြင်းဖြစ်သည်။



အာဆင်နယ်နှင့် ဘော်လ်တန်တို့ပွဲတွင် အာဆင်နယ်တိုက်စစ်မှူး ဘင့်တနာ (ယာ) **ဤသို့ ခက်ခက်ခဲခဲ အနိုင်ဂိုးသွင်းယူခဲ့ရသည်။**
(အင်တာနက်ဓာတ်ပုံ)

ဗီလာနှင့် ဝက်စ်ဘရွန်း

အိမ်ကွင်း အဝေးကွင်း ပုံမှန်ခြေစွမ်းရနေသော ဗီလာကို ဝက်စ်ဘရွန်းတို့က မာမာတင်းတင်း တုံ့ပြန်ကစားခဲ့သော်လည်း အဘွန်လဟော ဦးဆောင်သော ဗီလာတိုက်စစ်မှူးများက ရသည့်အခွင့်အရေးကို ဂိုးရအောင် သွင်းယူနိုင်ခဲ့ကြသည်။ သို့သော် ဗီလာတိုက်စစ်မှူး ဂျိမ်းမီလာ၏ ကန်သွင်းမှု၊ အဘွန်လဟော၏ ညာခြေဖြင့် အပိုင်ကန်သွင်းမှုများကို ဝက်စ်ဘရွန်းဂိုးသမားကာဆင် ကာကွယ်နိုင်ခဲ့သည်။

ခေါင်းတိုက်သွင်း

ဆမ်ပဆန်နှင့် မိုရေးဦးဆောင်သော ဝက်စ်ဘရွန်း တိုက်စစ်အတွဲကို မော်ရစ်ဆင်နှင့် ရော်ဘတ်ကိုရန်တို့က ကွင်းလယ်မှ ပံ့ပိုးပေးသော်လည်း ရီယိုကိုကာနှင့် ဒေးဗစ်တို့ ဦးဆောင်သော ဗီလာနောက်တန်းကို ထိထိရောက်ရောက် မကျော်ဖြတ်နိုင်ခဲ့ချေ။ ဗီလာအတွက် အဖွင့်ဂိုးကို ၁၈မိနစ်၌ ဘယ်ထောင့်ကန်ဘောမှ တစ်ဆင့် နောက်ခံလူ ဒေးဗစ်က ခေါင်းတိုက်သွင်းယူခဲ့သည်။

ချေပဂိုး

ဗီလာတို့ ဖိကစားခဲ့သော်လည်း ဆက်တိုက်ဂိုးမသွင်းနိုင်ဘဲ ၄၁မိနစ်၌ ဝက်စ်ဘရွန်း ဂိုးသမားကာဆင် အမှားကြောင့် ဂိုးဝင်သွားသဖြင့် ဗီလာတို့ ဒုတိယဂိုး ရရှိခဲ့ခြင်းဖြစ်သည်။ ဝက်စ်ဘရွန်းအတွက် ချေပဂိုးကို ၄၉မိနစ်၌ ကွင်းလယ်ကစားသမား ဂျိမ်းမော်ရစ်ဆင် သွင်းယူခဲ့သဖြင့် ဗီလာတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ။

အခြားပွဲရလဒ်များ

အဲဗာတန်	၂ - ၀	ဟူးလ်စီးတီး
မစ်ဒယ်ဘရော့	၁ - ၁	ဆန်းဒါးလန်း
နယူးကာဆယ်	၂ - ၂	ဝက်စ်ဟမ်း

အင်တာနက်

11-1 (11).pmd 1 1/11/2009, 2:23 AM

(၄၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၀

(၄၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲက သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြား၍ **(အပေါ်ပုံ)** ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာခံဌာန်လေးချက် ရွတ်ဆိုကြသည်။ ထို့နောက် ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းမှ ထွက်ခွာပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ပြိုင်ပွဲကို ဇန်နဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

မြို့တော်စည်ပင်နှင့် ပို့ဆောင်ရေးအသင်းတို့ တစ်မှတ်စီခွဲယူ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင် ● စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၀

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီက သုဝဏ္ဏဘောလုံးကွင်းတွင် ဆက်လက်ကျင်းပရာ မြို့တော်စည်ပင်အသင်းနဲ့ ပို့ဆောင်ရေးအသင်းတို့ ဂိုးမရှိ သရေပွဲဖြစ်သွားသည်။

မြို့တော်စည်ပင် - ဂိုးမရှိ။
ပို့ဆောင်ရေး - ဂိုးမရှိ။

အခွင့်အရေး

ပထမပိုင်းမှာ ပို့ဆောင်ရေးအသင်း ပိုဖိကစားနိုင်ခဲ့ပေမယ့် ဂိုးသွင်းခွင့်ရရှိခဲ့တာကတော့ မြို့တော်စည်ပင်အသင်းပါ။ မြို့တော်စည်ပင်အသင်းဟာ တောင်ပံနှစ်ဖက်ကို အားပြုတိုက်စစ်ဆင်ခဲ့ပြီး အဲဒီတိုက်စစ်ဆင်မှုတွေကပဲ ဂိုးရနိုင်တဲ့အခွင့်အရေး လေးကြိမ်လောက် ရရှိခဲ့ပါတယ်။ အဲဒီအခွင့်အရေးတွေကို အသုံးမချနိုင်ခဲ့တာကတော့ မြို့တော်စည်ပင်ကို အနိုင်နဲ့ဝေးခဲ့

မြို့တော်စည်ပင် တိုက်စစ်မှူးဇင်မျိုးအောင် ပို့ဆောင်ရေးနောက်တန်းကို ကျော်ဖြတ်စဉ်။ (မြန်မာ့အလင်း)

စေတာပါပဲ။ ပို့ဆောင်ရေးအသင်းကတော့ ညာခြမ်းကို အားပြုထိုးဖောက်ခဲ့ပေမယ့် ညာတောင်ပံကစားသမား ကြည်လင်းရဲ့ ဖြတ်တင်ဘောတွေ မထိရောက်လို့ ဂိုးသွင်းခွင့်တွေ သိပ်မရခဲ့ပါဘူး။

ဒုတိယပိုင်း

ဒုတိယပိုင်းမှာတော့ နှစ်သင်းစလုံး အနိုင်ရဖို့အတွက် တိုက်စစ်အား တင်လာပါတယ်။ ၄၈ မိနစ်မှာ ပို့ဆောင်ရေး တိုက်စစ်မှူး ပြည့်ဖြိုးဦးဆွဲပြေးပြီး ကန်သွင်းပေမယ့် စည်ပင်ဂိုးသမား ယဉ်မင်းအောင် ကာကွယ်နိုင်ခဲ့ပါတယ်။ မိနစ် ၆၀ ကျော်မှာ တင့်နိုင်ထွန်းသိန်း ဝင်လာလို့ စည်ပင်ကစားပုံ ပိုကောင်းလာပြီး ၈၃ မိနစ်မှာ လှအေးထွေး အပိုင်ကန်ခွင့်ရပေမယ့် ဘေးထွက်သွားခဲ့ပါတယ်။ အားထားရတဲ့ တောင်ပံကစားသမား အောင်မြင့်အေး ခြေမပေါ်တာကလည်း မြို့တော်စည်ပင် တိုက်စစ်ကို အားပျော့စေခဲ့ပါတယ်။ ၈၅ မိနစ်မှာတော့ ပို့ဆောင်ရေးက ဝင်းမင်းထွဋ် ဆွဲပြေးလာတာကို စည်ပင်ဂိုးသမား ယဉ်မင်းအောင် စည်းအပြင်ထွက်ပြီး ဖျက်တာကြောင့် ကွင်းလယ်ဒိုင်က တိုက်ရိုက်အနီကတ်နဲ့ ထုတ်ပယ်ခဲ့ပါတယ်။ ပယ်နယ်တီဧရိယာစည်းထိပ်မှာရရှိတဲ့ အဲဒီဖြစ်ဒဏ်ဘောကို ကျော်ဒွန်းကန်သွင်းပေမယ့် လူနဲ့ထိပြီး ထွက်သွားခဲ့ပါတယ်။

ပြိုင်ပွဲအဆင့်

အခုပွဲအပြီးမှာ ပို့ဆောင်ရေးအသင်းက သုံးပွဲကစား တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ငါးမှတ်ရရှိထားကာ အဆင့် ၄ နေရာသို့ ရောက်ရှိလာပြီး မြို့တော်စည်ပင်အသင်းမှာ သုံးပွဲကစား နှစ်ပွဲသရေ၊ တစ်ပွဲရှုံး နှစ်မှတ်သာရရှိပြီး အဆင့် ၁၂ နေရာမှာ ရှိနေပါတယ်။

ပြောင်းလဲ

ဇန်နဝါရီ ၁၂ ရက်ကစပြီး အဆင့်မြင့်တန်း၊ ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်း အမှတ်ပေးပြိုင်ပွဲများကို မူလကျင်းပနေတဲ့ ညနေ ၃ နာရီ အစား ၃ နာရီခွဲသို့ ပြောင်းလဲကျင်းပမှာ ဖြစ်ပါတယ်။

၁၂-၁-၂၀၀၉ ရက်

(သုဝဏ္ဏကွင်း)

ပြည်ထဲရေး - ဆောက်လုပ်ရေး

(အောင်ဆန်းကွင်း)

Air Bagan - လယ်ယာ/ဆည်မြောင်း။

(မြန်မာ့အလင်း)

ဆောက်လုပ်ရေးကို သရေ၊ သစ်တောရေးရာကို ရှုံးနိမ့်ထားပြီး တန်းဆင်းဇုန်နားရောက်နေတဲ့ မြို့တော်စည်ပင်အသင်းကတော့ အခုပွဲမှာလည်း ပို့ဆောင်ရေးကို အနိုင်မကစားနိုင်ဘဲ သရေသာကစားနိုင်ခဲ့ပါတယ်။ ပထမဦးဆုံး နိုင်ပွဲရရှိဖို့အတွက် မြို့တော်စည်ပင်အသင်းဟာ လူစုံထုတ်ပြီး ရင်ဆိုင်ခဲ့ပေမယ့် အနိုင်ရလဒ်ရရှိအောင်တော့ မစွမ်းဆောင်နိုင်ခဲ့ပါဘူး။ လယ်ယာ/ဆည်မြောင်းကို အနိုင်၊ မြန်မာ့မီးရထားကို သရေကစားထားပြီး ရလဒ်ကောင်းတွေ ရရှိနေတဲ့ ပို့ဆောင်ရေးအသင်းကတော့ ထိပ်ဆုံးက ဘဏ္ဍာ/အခွန်၊ စွမ်းအင်နဲ့ စီးပွား/ကူးသန်းတို့ကို အမီလိုက်ဖို့ အနိုင်ရရန်ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။

✻ *ကျောဖုံးမှ*

ရေးဇာဟတ်တို့သုံးဦးသည် အန္တာတိက၌ရှိသော ရွှန်နေအမည်ရှိ မိုင် ၇၀၀ ကျော်ကျယ်ပြန့်သော ရေခဲပြင်ကြီးကို လမ်းလျှောက်ဖြတ်သန်းခဲ့ရာ တောင်ဝင်ရိုးစွန်းသို့ စုစုပေါင်း ၃၃ ရက် ၂၃ နာရီ မိနစ် ၃၀ သာ ကြာမြင့်ခဲ့သည်။

နှင်းငွေ့ယှက်သန်း

ပတ်ဝန်းကျင်တစ်ခုလုံးတွင် နှင်းငွေ့များယှက်သန်းပြီး အကြိမ်ပေါင်းများစွာ နှင်းမုန်တိုင်းများ တိုက်ခတ်ခြင်းကိုလည်း ရေးဇာဟတ်တို့အဖွဲ့ ကြုံတွေ့ခဲ့ရသည်။ ထို့အပြင် မြေပြင်နှင့် ကျောက်သားကဲ့သို့သော ခေတ္တနားခိုစရာနေရာ မရှိသဖြင့် ရေခဲပြင်များပေါ်၌သာ ရွက်ဖျင်တဲ ထိုးကာ စခန်းချခဲ့ကြရသည်။

ရာသီဥတုကောင်းမွန်သော နေ့ရက်များတွင် ခရီးမိုင်တွင်အောင် ဖြတ်သန်းနိုင်သော်လည်း ရာသီဥတုဆိုးရွားလွန်းသော နေ့ရက်များ၌ တစ်မိုင်၊ နှစ်မိုင်ခန့်သာ ခရီးတွင်နိုင်ခဲ့ကြသည်။ အချို့ရက်များ၌မူ စခန်းတွင်း၌ပင် တစ်နေကုန်အောင် နေထိုင်ခဲ့ရသည်။

အရေးပေါ်

ရေးဇာဟတ်တို့ သုံးဦးအနေဖြင့် အသုံးအဆောင်ပစ္စည်း ပေါင်၁၇၀ခန့်ကို သယ်ဆောင်လာခဲ့ကြရာ ရေခဲပြင်ခရီးသွားအသုံးအဆောင်များ၊ ရေခဲပြင်ဖိနပ်များ၊ ယာယီစခန်းချတဲနှင့် အရေးပေါ်အဆက်အသွယ်ရနိုင်ရန် ဂြိုဟ်တုလက်ကိုင်ဖုန်းများကို ယူဆောင်ခဲ့ကြသည်။

လက်ကိုင်ဖုန်း

ရေးဇာဟတ်တို့ ယူဆောင်လာသည့် ဂြိုဟ်တုလက်ကိုင်ဖုန်းများမှာ အပူချိန်ရေခဲမှတ်အောက် ရောက်နေသည့်တိုင် ကောင်းမွန်စွာ ဆက်သွယ်ပြောဆိုနိုင်သော အထူးထုတ်လုပ်ထားသည့် လက်ကိုင်ဖုန်းများဖြစ်သည်။

ထို့အပြင် ရေခဲပြင်နှင့် နှင်းထုအတွင်း ရိုက်ကူးသတင်းပို့နိုင်သည့် ဒီဂျစ်တယ်ဗီဒီယိုကင်မရာများလည်းပါရှိရာ ခက်ခဲစွာဖြတ်သန်းရသော ရေခဲပြင်ခရီးစဉ်၏ ထူးခြားဖြစ်ရပ်များကို ရိုက်ကူးမှတ်တမ်းတင် ထားနိုင်ခဲ့သည်။

နေ့စဉ်အစားအစာအဖြစ် အသင့်ယူဆောင်လာသော ဝက်ပေါင်ခြောက်ကြော်များနှင့် အေးခဲနေသော ဒိန်ခဲများကိုသာ စားသောက်ခဲ့ပြီး ခရီးဆက်ခဲ့ကြခြင်းဖြစ်သည်။ တောင်ဝင်ရိုးစွန်းသို့ရောက်ရှိချိန်၌ အောင်မြင်ခဲ့ပြီဟူသောစကားကို ဂြိုဟ်တုလက်ကိုင်ဖုန်းမှတစ်ဆင့် သတင်းပို့နိုင်ခဲ့သည်။ တစ်ဆက်တည်းမှာပင် ဤခရီးစဉ်သည် ခြောက်လအရွယ်သမီးငယ် မီရာရှာဟာရာနှင့် ဇနီးဖြစ်သူ ကာသေးတို့အတွက် အဖိုးတန်လက်ဆောင်ဟု ၃၉ နှစ်အရွယ်ဇာဟတ်က ပြောကြားခဲ့သည်။

အောင်မြင်စွာကျော်ဖြတ်

ဇာဟတ်အနေဖြင့် ယခုကဲ့သို့ တောင်ဝင်ရိုးစွန်းကို အချိန်တိုအတွင်း အောင်မြင်စွာဖြတ်သန်းနိုင်ခဲ့ခြင်းမှာ ၂၀၀၇ ခုနှစ်က ဆာဟာရသဲကန္တာရကို ဖြတ်သန်းကာ မိုင် ၄၃၀၀ ကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့သည့် အတွေ့အကြုံကြောင့်ပင်ဖြစ်သည်။

ကမ္ဘာ့စံချိန်တင်

ယခင်က တောင်ဝင်ရိုးစွန်းတန်းသို့ အမြန်ဆုံးဖြတ်သန်းနိုင်ခဲ့မှုစံချိန်မှာ ၃၉ ရက် ၇ နာရီ ၄၉မိနစ်ဖြင့် အမေရိကန်နိုင်ငံသားတို့ဒ်ကာမိုက်ကယ်က တင်ထားခဲ့ခြင်းဖြစ်ရာ ယခုဇာဟတ်တို့က ခြောက်ရက်ခန့်လျော့နည်းကာ တောင်ဝင်ရိုးစွန်းကို ဖြတ်သန်းနိုင်ခဲ့ပြီး ကမ္ဘာ့စံချိန်တင်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ **(ကိုးကား-အင်တာနက်)**

ကလေး၌ ကာကွယ်ဆေး တိုက်ကျွေး

ကလေး ဇန်နဝါရီ ၁၀

စစ်ကိုင်းတိုင်း ကလေးမြို့နယ်၌ အမျိုးသားကာကွယ်ဆေးတိုက်နေ့များ၂၀၀၉ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲက ကလေးမြို့မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

တိုက်ကျွေး

အခမ်းအနားသို့ ကလေးမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်ပိုပိုအေး၊ ခရိုင်နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပြီး (၅) နှစ်အောက်ကလေးငယ် ၃၉၈၁၆ ဦးအား ပထမအကြိမ် ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးခဲ့ကြောင်း သတင်းရရှိသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် **သန်းသန်းနု ကိုးကားတင်ပြသည်**

ဟားခါး၊ လွိုင်လင်နှင့် နမ့်စန်တွင် အအေးပိုမြဲ

မွန်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်၌လှိုင်းကြီးနိုင်

ရန်ကုန် ဇန်နဝါရီ ၁၀

ဇန်နဝါရီ ၁၀ ရက်က ဖြစ်ပေါ်ခဲ့သောရာသီဥတုအခြေအနေကို ဖော်ပြရလျှင် ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။

လျော့နည်း

ညအပူချိန်များမှာ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့သည်။ ရှမ်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများ၌ ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၂ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၀ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့၌ ၂ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်သည်။

သာယာမည်

ဇန်နဝါရီ ၁၁ ရက် **(ယနေ့)** ပြည်နယ်နှင့် တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

ဇန်နဝါရီ၁၁ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် အများအားဖြင့်သာယာမည်ဖြစ်သည်။

တိမ်အတင့်အသင့်

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

လှိုင်းကြီးနိုင်

မြန်မာ့ပင်လယ်ပြင် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

မြောင်းမြမြို့နယ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

မြောင်းမြမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ပေးအပ်ပွဲနှင့် ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ခြင်းတို့ကို ဖေဖော်ဝါရီ ၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ကြားတောရလမ်း ရေဝတီတိုင်း ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ အသင်းသား အသင်းသူများနှင့် မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

အသင်းသား အသင်းသူများ၏ အသက်(၇၅)နှစ်အထက် မိဘများ၏ မိတ္တူဖြင့်လည်းကောင်း၊ ၂၀၀၇-၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးသုံးဘာသာနှင့်အထက် အောင်မြင်သော ကျောင်းသား ကျောင်းသူများ၊ Top Ten ဆုရ ကျောင်းသား ကျောင်းသူများ ပညာသင်ထောက်ပံ့ကြေး လျှောက်ထားပြီးသူများသည် အသင်းက သတ်မှတ်ထားသော ပညာရေးထောက်ခံချက်များနှင့်အတူ ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍လည်းကောင်း၊ အလှူငွေများ ပါဝင်လှူဒါန်းလိုသော ပုဂ္ဂိုလ်များသည် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း) ဖုန်း-၅၇၃၀၇၄၊ ဒုတိယဥက္ကဋ္ဌများ (၁) ဦးမျိုးကြည် ဖုန်း-၅၇၈၆၃၈၊ ဒုတိယ(၂) ဗိုလ်မှူးကြီးသက်စိုး(ငြိမ်း) ဖုန်း-၆၃၈၂၂၅၊ (၃) ဒေါ်ရီရီဝင်း ဖုန်း-၂၅၁၃၂၃၊ ဘဏ္ဍာရေးမှူးဒေါ်သန်းမြင့် ဖုန်း-၅၂၆၁၆၈၊ အတွင်းရေးမှူး ဦးလှဖေ ဖုန်း-၂၂၁၄၁၉၊ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်အေး ဖုန်း-၂၉၁၃၇၉၊ တွဲဖက်အတွင်းရေးမှူး ဒေါ်သန်းသန်းနွယ် ဖုန်း-၆၆၂၀၈၆ တို့သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံဆေးကောင်စီ အစည်းအဝေး ရက်ပြောင်းရွှေ့ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံ ဆေးကောင်စီ၏ (၁/၂၀၀၉) ကြိမ်မြောက် အစည်းအဝေးကို အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း အဆောက်အအုံ(အပေါ်ဆုံးထပ်)အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပမည့်အစား ၁၉ရက်(တနင်္လာနေ့)သို့ ပြောင်းရွှေ့ကျင်းပမည်ဖြစ်ရာ ပြည်နယ်၊ တိုင်းအသီးသီးမှ မြန်မာနိုင်ငံဆေးကောင်စီဝင်များ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ထမ်းအလိုရှိသည်

ကွန်ပျူတာပြုပြင်ခြင်း၊ တပ်ဆင်ခြင်းလုပ်ငန်းများအတွက်
Network Engineering- ကျား (၃) ဦး

အလုပ်လုပ်ကိုင်လိုသူများသည် ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံ (၂)ပုံ၊ ပညာအရည်အချင်း အထောက်အထား၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်များနှင့်အတူ အောက်ပါလိပ်စာသို့ ၁၆-၁-၂၀၀၉ရက်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည် -

Star Bus Computer Sale & Service

အမှတ်(၃၇၉၊ ၃၈၃)၊ ဗိုလ်အောင်ကျော်လမ်း(အထက်)
ကျောက်တံတားမြို့နယ်။

ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း
အသည်းအထူးကုဆရာဝန်ကြီး

ရန်ကုန် အစားအိမ်၊ အူလမ်းကြောင်းနှင့် အသည်းအထူးကုစင်တာ

၁၁-၁-၂၀၀၉ခုနှစ် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ အောင်မြင်ခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်းတို့နှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဆရာကြီးကို အစဉ်ချစ်ခင်လေးစားသော
တပည့်ဆရာဝန်များ။

ယဉ်ဘုန်း အလူမီနီယမ်အရောင်းဆိုင်

မှ နှစ်သစ်ကူးအတွက် အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချလျက်ရှိပါကြောင်း မိတ်ဟောင်း မိတ်သစ်များအား သတင်းကောင်းပါးအပ်ပါသည်။ ၂၈-၂-၂၀၀၉ ရက်အထိ

အမှတ်(၄၅၉/၄၆၉)၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၀၂၆၈၈၊ ၂၉၄၀၄၉၊ Fax-၂၀၂၅၆၇။

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၉)ဖြင့် **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ကို ချီးမြှင့်ခြင်းခံရသော **ဦးနန္ဒ** အမှတ်(၁) အနော်ရထာလမ်း မိုးကုတ်မြို့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

မြန်မာနိုင်ငံလုံးဆိုင်ရာ
ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်
(အဖွဲ့ခွဲ)၊ နောင်ချိုမြို့နယ်။

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးစိုးနိုင် (အုပ်ချုပ်မှုဒါရိုက်တာ၊ အေးအေးခိုင်ကျောက်မျက်ကုမ္ပဏီ) သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၉)ဖြင့် **သုဓမ္မမဏိဇောတဓရဘွဲ့** ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ဦးမျိုးဆွေ - ဒေါ်မေရီစော (ခေတ္တ-ဂျပန်)၊
ဦးစိုးမင်း(ခေတ္တ-ဂျပန်) - ဒေါ်စောထွေးထွေးအောင်(စံစံ)[ခေတ္တ-ဂျပန်]။

လားရှိုးမြို့ အထက(၆) ယခင်ပန်အုပ် အမက၊ အလက(၁) မြတ်ဆရာပူဇော်ပွဲ

လားရှိုး ဇန်နဝါရီ ၁၀

လားရှိုးမြို့ အထက(၆)ကျောင်း၌ ပညာသင်ကြားပို့ချခဲ့ပြီး အငြိမ်းစား ယူသွားခဲ့ကြသော ဆရာ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ၃၁ ရက်တွင် ယင်းကျောင်း၌ ကျင်းပမည်ဖြစ်၍ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားနိူးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေနှင့် ပစ္စည်းများကို ဒေါက်တာစိုင်းကျော်ဟန် ဖုန်း-၀၉-၅၂-၆၁၁၂၆၊ ကိုလှိုင်တိုး ဖုန်း-၀၉-၅၂-၃၃၁၇၅၊ နန်းအုံခမ်း ဖုန်း-၀၉-၂၀-၃၄၇၈၄၊ ဒေါ်နန်းခမ်းရွှေ ဖုန်း-၀၉-၅၂-၆၁၃၇၃၊ ကိုမောင်မောင် ဖုန်း-၀၉-၅၂-၆၀၈၃၁၊ ကိုစိုင်းဆိုင်ဖ ဖုန်း-၀၉-၅၂-၆၁၅၇၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၉)ဖြင့် သုဓမ္မသီဂိဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသော အစ်မ **မစန်းစန်းမော် (ဒါရိုက်တာ၊ စံပြရွှေငါးကုမ္ပဏီလီမိတက်)** အား လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ကိုခင်ဝင်း-မနန်းစိုးမိသားစု။

အောင်သီဟ ပန်းတမော့ကျောက်ဆစ်လုပ်ငန်း

* ပြင်ဦးလွင်မြို့၊ **မဟာအံ့ထူးကံသာ** မြတ်စွာဘုရားကြီးကို ထုလုပ်ခဲ့သော မန္တလေးမြို့ရှိ **အောင်သီဟ**ပန်းတမော့ ကျောက်ဆစ်ပင်ရင်းမှ ရန်ကုန်မြို့တွင် **အောင်သီဟ** ပန်းတမော့ဆိုင်ခွဲကို ဖွင့်လှစ်ထားပါသည်။
* ကျောက်ဆင်းတု၊ ကြေးဆင်းတု၊ တရားဟောပလ္လင် သီဟာသနနှစ်ထပ်ပန်းပလ္လင်များကို မန္တလေးဈေးနှုန်းအတိုင်း ရောင်းချပေးနေပါသည်။

ဝယ်ယူအားပေးကြသော မိတ်ဟောင်းမိတ်သစ်များကို အထူးကျေးဇူးတင်ရှိပါသည်။

ပင်ရင်းဆိုင် ➤ အမှတ်(၅၀)၊ အကွက်(၅၀၆)၊ ကျောက်ဆစ်တန်း၊ မန္တလေးမြို့။ ဖုန်း-၀၂-၇၀၅၀၃၊ ၀၉-၂၀-၂၄၂၆၂

ရန်ကုန်ဆိုင်ခွဲ ➤ အမှတ်(၉၅)၊ အနောက်ရွှေဂုံတိုင်လမ်း၊ ယုဇနဟိုတယ်အနီး။ ဖုန်း-၀၉-၂၀-၁၀၉၄၂။

ဆောင်ရွက်

လှိုင်မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့မှ ကွင်းဆင်းစစ်ဆေးခြင်း၊ အသိပညာပေးဟောပြောခြင်း သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၃၁ရက်က မြန်မာ့သစ်လုပ်ငန်း အမှတ်(၈) သစ်စက်ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြပွဲများဆောင် ရွက်မှုကို မီးသတ်ဦးစီးအရာရှိ ဦးကျော်နိုင်နှင့် စက်ရုံမန်နေဂျာ ဦးထွန်းနိုင်သန်းတို့က ကြီးကြပ်ဆောင်ရွက်ခဲ့စဉ်။

(မြို့နယ် ပြန်/ဆက်)

ဘူမိအင်ဂျင်နီယာပညာရပ် အကျိုးသက်ရောက်မှု ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာ့တည်ဆောက်ရေးလုပ်ငန်းများ တိုးတက်စေရန်နှင့် ဘူမိအင်ဂျင်နီယာများ၊ မြို့ပြအင်ဂျင်နီယာများ ပညာရပ်ဆိုင်ရာ အသိအမြင်တိုးတက်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် ဘူမိအင်ဂျင်နီယာပညာရပ်ဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သည့် International Society of Soil Mechanics and Geotechnical Engineering (ISSMGE) နှင့် Southeast Asian Geotechnical Society (SEAGS) တို့ ပူးပေါင်းစီစဉ်မှုဖြင့် Tour Lectures on Geotechnical Engineering ဟောပြောပွဲကို ဇန်နဝါရီ၁၅ရက် (ကြာသပတေးနေ့) နံနက်၈နာရီ ၄၅ မိနစ်မှ ညနေ ၆နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၌ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်း

ယင်းဟောပြောပွဲသို့ တက်ရောက်လိုသူများသည် ဦးကြိုင်စိန် ဖုန်း-၀၉-၂၀-၄၂၀၅၄၊ ဦးအေးလွင် ဖုန်း-၀၉-၅၀-၀၆၂၅၈၊ ဦးအောင်မျိုးသိုက် ဖုန်း-၀၉-၅၁-၅၇၂၇၆၊ ဦးအောင်မြတ်ကျော် ဖုန်း-၀၉-၅၁-၆၂၁၆၉၊ ဦးစိုးသူရထွန်း ဖုန်း-၀၉-၅၁-၄၄၀၀၅နှင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ဖုန်း-၀၁-၅၁၉၆၇၅ Ext-၅၀၁ တို့သို့ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွတ်လပ်ရေးနေ့ အခမ်းအနား တမူး၌ ကျင်းပ

တမူး ဇန်နဝါရီ ၁၀

စစ်ကိုင်းတိုင်း တမူးမြို့နယ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ရက်နံနက်က လွတ်လပ်ရေးကျောက်တိုင်ကွင်း မြက်ခင်းပြင်၌ ကျင်းပသည်။

ဆက်လက်၍ နံနက်၇နာရီတွင် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာ ဖတ်ကြားခြင်း အခမ်းအနား၌ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကောင်းစံဦးက ဖတ်ကြားခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ဆုချီးမြှင့်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ၄၆ကော်စမ်း လူငယ်သင်တန်းကျောင်း၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၄ရက်က ကျင်းပရာ ဘောလုံးပြိုင်ပွဲပထမဆုရ မင်းရဲကျော်စွာအသင်းအား ကျောင်းအုပ်ကြီး ဦးထွန်းဦးက ဆုချီးမြှင့်စဉ်။

(၁၇၀)

ညောင်ရွှေမြို့၌ မြို့သာယာလှပရေး လုပ်ငန်းများဆောင်ရွက်

ညောင်ရွှေ ဇန်နဝါရီ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးအတွက် မြို့မ(၈)ရပ်ကွက်အတွင်းရှိ လမ်းဘေး ပလက်ဖောင်းများ ဆေးအသစ်ပြန်သုတ်ခြင်းနှင့် လမ်းဘေးတစ်လျှောက် ရာသီအလိုက်ပန်းအလှပင်များ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ၁၅ရက်က အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့် တာဝန်ခံအင်ဂျင်နီယာဦးခင်မောင်တိုးတို့ကကြီးကြပ်ဆောင်ရွက်ပေးကြသည်။ (ဝ၂၁)

ပေါင်းတည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပေါင်းတည်-မဲခေါင်းလမ်း မြေနီခင်းပြုပြင်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဝင်းမော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင်ထွန်းတို့ ကွင်းဆင်းကြီးကြပ်ပေးစဉ်။(မြို့နယ်စည်ပင်)

ရွှေတောင်မြို့နယ်၌ စာကြည့်တိုက်များဖွင့်လှစ်

ရွှေတောင် ဇန်နဝါရီ ၃

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ကွင်းယားကြီးအုပ်စု သာယာကုန်းကျေးရွာ ရတနာပြည့်ဖြိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ရက် နံနက်က အဆိုပါစာကြည့်တိုက်၌ကျင်းပရာ ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ထွန်းနှင့် စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ဆွေတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

စာပေအကျိုးကျေးဇူး

ထို့နောက် အုပ်စုဥက္ကဋ္ဌ ဦးအေးနိုင်က စာကြည့်တိုက်ငွေပဒေသာပင်အတွက် အလှူငွေကျပ်တစ်သောင်း၊ မြို့နယ်ဦးစီးမှူး ဦးလှမျိုးအောင်က စာအုပ်မျိုးစုံအုပ် ၁၅၀ တို့ကို ပေးအပ်ရာ စာကြည့်တိုက်မှူး ဦးစိုးသင်းဇော်က လက်ခံယူပြီး ပြည်ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်များ ရေရှည်ခိုင်မာရှင်သန်ရေးနှင့် စာပေ၏အကျိုးကျေးဇူးများ အကြောင်း ဆွေးနွေးသည်။

ဖွင့်လှစ်

အလားတူပင် ဖောင်းဖြူကျေးရွာ ကြယ်လရောင်စာကြည့်တိုက်ကို အုပ်စုဥက္ကဋ္ဌ ဦးအေးနိုင်၊ စာကြည့်တိုက်မှူး ဦးကျော်ကျော်နှင့် ရပ်မိရပ်ဖ ဦးမြင့်ငွေတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

စာဆိုတော်နေ့အထိမ်းအမှတ် တိုက်ကြီး၌ ဟောပြော

တိုက်ကြီး ဇန်နဝါရီ ၁၀

တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့မှကြီးမှူးကျင်းပသည့်(၁၃၇၀ပြည့်နှစ်)စာဆိုတော်နေ့အထိမ်းအမှတ်စာပေဟောပြောပွဲကိုတိုက်ကြီးမြို့နယ်စည်ပင်သာယာရေးခန်းမတွင် ဇန်နဝါရီ ၃ရက် ညနေပိုင်းက ကျင်းပသည်။

နှုတ်ခွန်းဆက်

အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌထံမှ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းညွန့် (သောင်းညွန့်သစ်)က ဖတ်ကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ၂၀၀၇ခုနှစ်အတွက် စာပေဗိမာန်စာမူဆု စာပဒေသာ ဘာသာရပ်တွင် ဒုတိယဆုရရှိခဲ့သည့် သောင်းညွန့်သစ်နှင့် စာပေဟောပြောပေးသည့် စာရေးဆရာကြီးများအား မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ စာရေးဆရာကြီးများဖြစ်ကြသည့် အမျိုးသားစာပေဆုရ မြင်းမူမောင်နိုင်မိုးက ကဗျာထဲကဘဝ၊ ဘဝထဲက ကဗျာ၊သန်လျင်မောင်မောင်ဦးက ရယ်စရာ မောစရာ၊ အမျိုးသားစာပေဆုရ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)က သုတရသ စာပေအဖြာဖြာ ခေါင်းစဉ်တို့ဖြင့် အသီးသီး ဟောပြောကြကြောင်း သိရသည်။ **(မြို့နယ် စာပေစာနယ်ဇင်းအဖွဲ့)**

ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်လျာထားသော မြို့ပြလမ်းဖြစ်သည့် ဗိုလ်သူရလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးက ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမောင်ဆွေက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လမ်းလျှောက်ပွဲ ကျောက်တံခါး၌ကျင်းပ

ကျောက်တံခါး ဇန်နဝါရီ ၃

ကျောက်တံခါးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဒီဇင်ဘာ လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ၂၀ရက် နံနက်၅နာရီက မြို့နယ်ခန်းမရှေ့စုရပ်မှ မူခရမ်းကျေးရွာအထိ လမ်းလျှောက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများနှင့် ကျောင်းသားကျောင်းသူများ တပျော်တပါးလမ်းလျှောက်ကြပြီး မြို့နယ်အားကစားကွင်းအတွင်း စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပေါက်မြို့အတွက် လမ်းဘေးဝဲယာတစ်လျှောက် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ရာ ဒုတိယဦးစီးမှူး(သန့်) ဦးဆန်းဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ငါန်းဇွန်၌ ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသ

ငါန်းဇွန် ဇန်နဝါရီ ၇

(၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို မြင်းခြံခရိုင် ငါန်းဇွန်မြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ဇန်နဝါရီ ၂ရက်က ကျင်းပရာ အထက်တန်းပြဆရာမ ဒေါ်ညွန့်ရီနှင့် အထက်တန်းပြဆရာ(ငြိမ်း) ဦးကံထွန်းတို့က လွတ်လပ်ရေးနေ့နှင့် ပတ်သက်၍ ဟောပြောသည်။ ထို့နောက် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းနှင့် အလယ်တန်းအဆင့်တို့၌ ဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌ ဦးတင့်နိုင်နှင့်တာဝန်ရှိသူတို့က ဆုများပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

သီပေါ ဈေးချိုတော်ဈေး သမဝါယမအသင်း လုပ်ငန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေး

သီပေါ ဇန်နဝါရီ ၅

သမဝါယမဝန်ကြီးဌာန ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန (တောင်ကြီး) ပြည်နယ်မှူး ဦးတင်ပွားသည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၈ရက် နံနက် ၉နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ ဈေးချိုတော်ဈေးသမဝါယမအသင်း လီမိတက်ရုံးသို့ ရောက်ရှိပြီး ဈေးချိုတော်ဈေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးအေးကျော်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ငွေစုငွေချေးသမဝါယမအသင်းမှ အသင်းသားများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ သမဝါယမလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် အသင်းလီမိတက်ဥက္ကဋ္ဌ ဦးအေးကျော်က ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ အသင်းသားပါဝင်မှု၊ စုဆောင်းငွေ၊ ချေးငွေ အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး သမဝါယမဦးစီးဌာန(တောင်ကြီး) ပြည်နယ်မှူး ဦးတင်ပွားက ရှင်းလင်းတင်ပြချက်များအပေါ် အကြံပြုဆွေးနွေးကြောင်း သိရသည်။ (ဝ၂၀)

ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်

e-Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှသောကြာ) နံနက် ၈နာရီမှ ၁၀နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၈နာရီမှ မွန်းလွဲ ၁၂နာရီခွဲအထိ

၁၂-၁-၂၀၀၉ရက် (တနင်္လာနေ့)
- ☐ Basic Elements of Poetry
  - ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Conditional Sentences
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

၁၃-၁-၂၀၀၉ရက် (အင်္ဂါနေ့)
- ☐ National Unification of Myanmar by Alaungmintaya
  - တတိယနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Introduction to the Study of Law
  - ပထမနှစ် ဥပဒေအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Continuous Functions
  - တတိယနှစ် သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ

၁၄-၁-၂၀၀၉ရက် (ဗုဒ္ဓဟူးနေ့)
- ☐ "ရဲဘော်မသေ သေသော်ငရဲမလား"
  - ပထမနှစ် အထူးပြုအားလုံး
- ☐ "ဝေဿန်းစန္ဒာ" ကဗျာပို့ချချက်
  - ပထမနှစ် အထူးပြုအားလုံး
- ☐ "ဥမ္မာဒန္တီပျို့မိတ်ဆက်" ပျို့ပို့ချချက်
  - ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

၁၅-၁-၂၀၀၉ရက် (ကြာသပတေးနေ့)
- ☐ ALPHABET (အက္ခရာ)
  - ပထမနှစ်မြန်မာစာ၊ဒဿနိကဗေဒ၊ရသစာပေအထူးပြုကျောင်းသား ကျောင်းသူများ
- ☐ အကြောက်လွန်တုံ့ပြန်မှု (Phobic Reaction)
  - တတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Application of Maxwell's Equations
  - တတိယနှစ် သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ

၁၆-၁-၂၀၀၉ရက် (သောကြာနေ့)
- ☐ Nuclear Binding Energy and Semi-Empirical Mass Formula
  - တတိယနှစ် ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The Applications of Schroedinger's Equation
  - တတိယနှစ် ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၁၇-၁-၂၀၀၉ရက် (စနေနေ့)
- ☐ Absorption and Transport of water and minerals
  - ပထမနှစ်ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Thallus Organization of Algae
  - ပထမနှစ်ဓာတုဗေဒ၊သတ္တဗေဒ၊ရုက္ခဗေဒအထူးပြုကျောင်းသား ကျောင်းသူများ
- ☐ The Origin of Life
  - ပထမနှစ် ဓာတုဗေဒ၊သတ္တဗေဒ၊ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Cell Division
  - ပထမနှစ် ဓာတုဗေဒ၊သတ္တဗေဒ၊ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Botany as a Science
  - ပထမနှစ် ဓာတုဗေဒ၊သတ္တဗေဒ၊ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Organ
  - ပထမနှစ် ဓာတုဗေဒ၊သတ္တဗေဒ၊ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Plant Heredity
  - ပထမနှစ် ဓာတုဗေဒ၊သတ္တဗေဒ၊ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၁၈-၁-၂၀၀၉ရက် (တနင်္ဂနွေနေ့)
- ☐ Terrestrial Ecosystem of the World
  - ဒုတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Thallus Organization of Chlorophyta
  - ဒုတိယနှစ် သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Survey of Plant Kingdom Funji(Zygomycetes)
  - ဒုတိယနှစ် သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Angiospermae
  - ဒုတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Pteridophytes (Psilotum,Lycopodium,Selaginella,Equisetum)
  - ဒုတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Chlorophyta (Chlamydomonas, Volvox, Ultothrix, Cladrophora, Spiroggra)
  - ဒုတိယနှစ် သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Rosidae(Rosales, Fabales, Euphorbiales)
  - ဒုတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

SKB

ရွှေကမ္ဘာမောင်မောင် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

2009 နှစ်သစ်ကို ကြိုဆိုသောအားဖြင့်

Special Promotion 20% To 40% Discount (26.12.2008 to 31.1.2009)

/ Shop House /

Super Market

Car Parking

Transformer / Generator

Room Type

Ph : 653486, 660885

Ph : 291714, 098801404

အသက် ၈၃ နှစ်ရှိ စက်ဘီးစီးသမား အဘိုးဦးငပြူး ပြည်နယ်နှင့်တိုင်း ၁၁ ခုကို ဖြတ်သန်းစီးနင်း

သာစည် ဇန်နဝါရီ ၅

အသက် ၈၃ နှစ်အရွယ်ရှိ စက်ဘီးစီးသမား အဘိုးဦးငပြူးသည် ပြည်နယ်နှင့်တိုင်း ၁၁ ခုအတွင်းရှိ မြို့နယ်ပေါင်း ၁၄၆ မြို့နယ်ကို ဖြတ်သန်းစီးနင်းရန်အတွက် နိုဝင်ဘာ ၉ ရက်မှစတင်ပြီး ရခိုင်ပြည်နယ် စစ်တွေမြို့မှထွက်ခွာလာခဲ့ရာ ဒီဇင်ဘာ၂၄ရက် မွန်းလွဲ ၁ နာရီက မန္တလေးတိုင်း မိတ္ထီလာခရိုင် သာစည်မြို့သို့ ကူမဲမြို့မှတစ်ဆင့် ရောက်ရှိလာသည်။

ကြိုဆိုဂုဏ်ပြု

စက်ဘီးစီးသမား အဘိုးဦးငပြူးအား သာစည်မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆို ဧည့်ခံဂုဏ်ပြုကြသည်။ အဘိုးဦးငပြူးသည် မွန်းလွဲ၂နာရီတွင် သာစည်မြို့မှတစ်ဆင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့သို့ ဆက်လက်ထွက်ခွာသွားသည်။ **(ယာပုံ)**

အဘိုးဦးငပြူးသည် စက်ဘီးစီးပြီး ခရီးနှင်မှုကို အသက်(၇၅)နှစ်အရွယ်၂၀၀၀ ပြည့်နှစ်မှ စတင်ခဲ့ပြီး ၂၀၀၈ ခုနှစ် ယခုအကြိမ်သည် ပဥ္စမအကြိမ်ဖြစ်ကြောင်း သိရသည်။ ယခုအကြိမ်တွင် ပြည်နယ်နှင့် တိုင်း ၁၁ခုအတွင်းရှိ မြို့နယ်ပေါင်း ၁၄၆ မြို့နယ်သို့ စက်ဘီးဖြင့် ခရီးနှင်သွားရောက်မည်ဖြစ်သည်။

ရည်ရွယ်ချက်

အဘိုးဦးငပြူး အသက်(၈၃)နှစ်သည် ယခုကဲ့သို့ စက်ဘီးဖြင့် ခရီးနှင်ရခြင်း၏ရည်ရွယ်ချက်မှာ ဆေးလိပ်ဆန့်ကျင်ရေးနှင့် လေဘေးသင့်ဒေသတွင် ကြုံတွေ့ခံစားကြရသော ပြည်သူများအတွက် လှူဒါန်းကြသည့် ပြည်တွင်းပြည်ပအလှူရှင်များကို ဂုဏ်ပြုသည့်အနေဖြင့် စက်ဘီးဖြင့် မိုင်ပေါင်းများစွာကို ခရီးနှင်ခြင်းဖြစ်ကြောင်း သိရသည်။ (၀၉၄)

[illegible]

မိုးညှင်းမြို့၌ လမ်းပြုပြင်ဆောင်ရွက်

မိုးညှင်း ဇန်နဝါရီ ၅

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် အင်ကြင်းကုန်းရွာ အဝင်လမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အခြေအနေကို ဒီဇင်ဘာ၃ရက်က အမှုဆောင် အရာရှိ ဦးကျော်ဆန်းထွန်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမြင့်ဆွေက လုပ်ငန်း ဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်း ပြသခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြင်းခြံမြို့နှင့် နဘူးအိုင်-ဆီမီးခုံကျေးရွာချင်းဆက်လမ်း ကျောက်ချော ခင်း ဆောင်ရွက်ခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဒေါ်မြင့်ဝင်း ဆောင်ရွက်ရာသို့ ဒီဇင်ဘာ ၄ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးလေးလွင် ကွင်းဆင်းကြပ်မတ်ပေးစဉ်။ (မြို့နယ်စည်ပင်)

တာချီလိတ်မြို့ ဟောင်လိတ်ရပ်ကွက် စက်မှုဇုန်လမ်းအား မြေစမ်း ကိရိယာဖြင့် လမ်းမြေသားတိုင်းတာခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၄ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးသက်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးလှမျိုးတို့ ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မှုခင်းသတင်း ဆိုင်ကယ်နှစ်စီး ရင်ဆိုင်တိုက် တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရရှိ

ရမည်းသင်း ဇန်နဝါရီ ၈

ဇန်နဝါရီ ၁ရက်က ဆိုင်ကယ်နှစ်စီးမျက်နှာချင်းဆိုင် တိုက်မိသဖြင့် လူတစ်ဦး သေဆုံးသည့်ဖြစ်ရပ် ရမည်းသင်းမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းမပေါ်တွင် ဖြစ်ပွားသည်။

ဖြစ်ပွားပုံမှာ ဇန်နဝါရီ၁ရက်မွန်းလွဲ၂နာရီက ဒုရဲအုပ်သောင်းမော်သည် စခန်းတွင်တာဝန်မှူးအဖြစ်ထမ်းဆောင်နေစဉ် ဆိုင်ကယ်နှစ်စီးတိုက်မှုသတင်း ရရှိသဖြင့် ချက်ချင်းပင် ဒုရဲအုပ်သန်းဇော်ထူး၊ တပ်ကြပ် ကျော်ဝင်းနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ မိုင်တိုင်အမှတ်၂၀၉.၄နှင့် ၂၀၉.၅အကြား အောင်သပြေစတိုးဆိုင်ရှေ့တွင် မြောက်မှတောင်သို့ စည်သူစိုး (၂၄)နှစ် လက်ဆည်ကန်ရပ် မောင်းနှင်လာသော ကမ်ဘို၁၂၅နံပါတ်မပါ ဆိုင်ကယ်နှင့် တောင်မှမြောက်သို့ ဝေဖြိုးကျော်(၂၄)နှစ် မောင်းနှင်လာသော ကမ်ဘို ၁၁၀ ကျောက်ပြားရောင်ဆိုင်ကယ် မတလ/၉၈၉၁၉တို့ မျက်နှာချင်းဆိုင် တိုက်မိကြသည်။

ဆိုင်ကယ်နှစ်စီး တိုက်မိမှုကြောင့် စည်သူစိုးတွင် ဝဲမျက်ခုံးအပေါ်၊ အောက်မေးစေ့၊ နှာခေါင်း၊ ပါးစပ်တို့တွင် ဖူးရောင်ပေါက်ပြဲဒဏ်ရာများ ရရှိခဲ့ပြီး ဝေဖြိုးကျော်တွင် နဖူးနှင့် နောက်စေ့တို့၌ ဖူးရောင်ပေါက်ပြဲဒဏ်ရာများ ရရှိခဲ့သဖြင့် ဆေးစာဖြင့် ဆေးရုံသို့ တင်ပို့စဉ် ဝေဖြိုးကျော်မှာရရှိဒဏ်ရာဖြင့် သေဆုံးသွားသည်။ ဆိုင်ကယ် မဆင်မခြင်မောင်းနှင်သူ နှစ်ဦးအား ရဲစခန်း(ပ)၂/၀၉ ပြစ်မှုပုဒ်မ-၃၀၄က/၃၃၇-၃၃၈အရ အရေးယူထားကြောင်း သိရသည်။ (၁၆၉)

ကောဒသမအကြိမ် မြတ်ဆရာပူဇော်ပွဲ

မန္တလေးမြို့ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းတွင် ၁၉၆၂ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ ပညာသင်ယူခဲ့ကြသော ကျောင်းသားဟောင်းများ၏ ကောဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၅-၁-၂၀၀၉ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ကျောင်းစုဝေးခန်းမသစ်ကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါ၍ အငြိမ်းစားဆရာကြီး ဆရာမကြီးများ အထက(၁၆)တွင် လုပ်သက်ငါးနှစ်နှင့်အထက် တာဝန်ထမ်းဆောင်ခဲ့ပြီး ၃၁-၁-၂၀၀၉ရက်တွင် အသက်(၅၀)ပြည့်ပြီးဆရာကြီး ဆရာမကြီးများ အပူဇော်ခံကြွရောက်ပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျောင်းသားဟောင်းများ ဤကြော်ငြာကို ဖိတ်စာအဖြစ်မှတ်ယူ၍ ပူဇော်ပွဲတက်ရောက်ကြပါရန်နှင့် အောက်ပါအမှုဆောင်များထံတွင် အလှူငွေနှင့် ကန်တော့ပစ္စည်းများပါဝင်လှူဒါန်းကြပါရန် အသိပေးနိုးဆော်အပ်ပါသည်။

ဒေါ်ထွေးထွေးသန်း	(ကျောင်းအုပ်ကြီး၊ အထက-၁၆)	ဖုန်း-၀၂-၃၂၂၈၈
ဦးချမ်းသာ	(နာယကအဖွဲ့ဝင်၊ အထက-၁၆)	
ဒေါ်မြတ်သူဇာ	၃၂×၃၃ နှင့် ၇၄×၇၅လမ်းကြား၊ မောရဂီဝါရပ်	ဖုန်း-၀၂-၃၂၈၈၁
ဒေါ်သန်းသန်းဦး	လမ်း ၈၀ (၃၅×၃၆လမ်းကြား)	
ဒေါ်ဖြူဖြူတင်	(L-2)စည်ပင်အရာရှိအိမ်ရာ၊ ၃၅×၇၁ထောင့်	ဖုန်း-၀၉-၂၀-၂၁၁၁၂
ဦးရဲလင်းမြင့်	(ကျောင်းအုပ်ကြီး၊အလက-၂၃၊ ပြည်ကြီးတံခွန်မြို့နယ်)	
ဦးအောင်ပန်	ရန်ကုန်မြို့	ဖုန်း-၀၉-၉၉-၂၁၉၈၄
ဦးသိန်းထွန်းဇော်	(ဦးစီးအရာရှိ-ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)	ဖုန်း-၀၉-၂၀-၀၃၂၃၄
ဦးလှိုင်ဘွား	မန္တလေးမြို့	ဖုန်း-၀၉-၅၁-၃၅၇၄၇
ဦးသီဟဦး	၇၆လမ်း (၃၅×၃၆လမ်းကြား)	ဖုန်း-၀၂-၂၈၀၁၃
ဒေါက်တာနီနီအောင်	နည်းပညာတက္ကသိုလ်၊ မန္တလေး	
ဦးမောင်ရွှေ	လမ်း ၃၀၊ (၇၂×၇၃ လမ်းကြား)	ဖုန်း-၀၉-၅၁-၅၅၀၀၇
ဦးခင်မောင်ဖုန်း	လမ်း ၃၀၊ (၇၁×၇၂ လမ်းကြား)	ဖုန်း-၀၂-၆၀၇၄၉
ဦးဝင်းမြင့်	၃၉/၄၊ ၃၅လမ်း(၆၈×၆၉ လမ်းကြား)	ဖုန်း-၀၉-၅၁-၃၇၇၃၅
ဦးမိုးဇော်	မန္တလေး	ဖုန်း-၀၉-၂၀-၁၀၄၁၁
ဦးထွန်းလွင်ဦး	၂၆လမ်း၊ (၈၀×၈၁ လမ်းကြား)	ဖုန်း-၀၂-၆၄၇၈၆
ဦးတင်မျိုးညွန့်	မန္တလေး	ဖုန်း-၀၉-၅၁-၂၆၁၉၈
ဦးအေးချမ်းသူ	နန်းရှေ့၊ မန္တလေး	ဖုန်း-၀၉-၂၀-၁၄၂၆၄
ဦးရဲဝင်းဟန်	ရန်မျိုးလုံရပ်၊ မန္တလေး	ဖုန်း-၀၉-၂၀-၀၅၉၃၅
ဒေါ်ကြည်ကြည်ငွေ	ရန်ကုန်မြို့	ဖုန်း-၀၁-၇၀၃၈၁၆
ဒေါ်ပုလဲ	ရန်ကုန်မြို့	ဖုန်း-၀၉-၅၁-၉၁၁၅၁

အထက(၁၆)တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျောင်းသားဟောင်း ဆရာ၊ ဆရာမများ

ဦးတင်သိန်း	ဒေါ်သစ်သစ်မေ	ဒေါ်ခိုင်ခိုင်အိ
ဒေါ်မြင့်မြင့်အေး	ဒေါ်ဥမ္မာစိန်	ဒေါ်မြင့်မြင့်
ဒေါ်နီလာ	ဒေါ်မြမြမူ	ဒေါ်ညွန့်ညွန့်အေး
ဒေါ်ထားထား	ဒေါ်ရီရီမြင့်ဆွေ	ဒေါ်ခင်မာဝေ
ဒေါ်ဝင်းမိမိ	ဒေါ်အေးအေးမြင့်	ဒေါ်စန်းစန်းမြင့်
ဒေါ်သိင်္ဂီအုန်း	ဒေါ်ကြည်ကြည်မြင့်	ဒေါ်ချိုနွယ်အောင်
ဒေါ်မူမူအောင်	ဒေါ်နီလာဦး	ဒေါ်ပုံ့ပုံ့အိ
ဒေါ်မိုးသီတာ	ဒေါ်မြင့်မြင့်ဆွေ	ဒေါ်ကျော့ကေခိုင်စိုး
ဒေါ်စန်းစန်းရီ	ဒေါ်ညွန့်ညွန့်ဝင်း	

ရေလုပ်သားတို့ အဆင်ပြေဖို့ ဖိုက်ဘာလှေကို သုံးကြစို့

သတင်းမှတ်စု သတင်းထောက် ထွန်းဇော်
ဓာတ်ပုံ - မြင့်အောင်(အလုံ)
စာမျက်နှာဖွဲ့စည်းမှု
ဝင်းချို

ရန်ကုန် ဇန်နဝါရီ ၁၀

လူ့ဘဝရပ်တည်ရေးအတွက် အသက်မွေးဝမ်းကျောင်းပြုမှုက များလေသည်။ ထိုအထဲတွင် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ပင်လယ်၊ သမုဒ္ဒရာတို့အတွင်း သက်မွေးဝမ်းစာ ရှာဖွေကြသော ရေလုပ်သားများအဖို့ ရေနှင့်ကင်းကွာ၍မရသလို လှေနှင့်လည်း ရှောင်ကွင်း၍ မရပါချေ။

စာမျက်နှာ ၁၁ ကော်လံ ၁ ■



မိုလောင်းပြီး သပ်သပ်ရပ်ရပ်ဖြင့် လုပနေသည့် အရှည် ၃၁ ပေရှိ ဖိုက်ဘာလှေကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

တောင်ဝင်ရိုးစွန်းကို အမြန်ဆုံး ဖြတ်သန်းနိုင်ခဲ့ကြသူများ

➤ ဘာသာပြန်သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ
➤ စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး(မြန်မာ့အလင်း)

အအေးဓာတ်ပြင်းထန်လွန်းသော တောင်ဝင်ရိုးစွန်းသို့ အန္တာတိကကို ဖြတ်သန်းကာ အမြန်ဆုံးသွားရောက်နိုင်ခဲ့သူများအဖြစ် ကနေဒါနိုင်ငံသားသုံးဦးက ဇန်နဝါရီ ၉ ရက်တွင် ကမ္ဘာ့မှတ်တမ်း ရေးထိုးနိုင်ခဲ့ကြပြီဖြစ်သည်။

အမြန်ဆုံး

ရေခဲပြင်များအတိ ဖုံးလွှမ်းနေသော တောင်ဝင်ရိုးစွန်းဒေသသည် အမြဲတမ်း အပူချိန် ရေခဲမှတ်အောက် -၄၀ အထိရှိနေတတ်သည့် ရပ်ဝန်းဖြစ်ရာ ကနေဒါနိုင်ငံသား ရေးဇာဟတ် ဦးဆောင်သော သုံးဦးပါအဖွဲ့က အမြန်ဆုံးအောင်မြင်စွာ ဖြတ်သန်းရောက်ရှိခဲ့ကြခြင်းဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✱

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖို မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

(မီးသတ်ဦးစီးဌာန)

ပြည်ထောင်စုဖွား တိုင်းရင်းသား စုပေါင်းကာကွယ် မီးအန္တရာယ်

သတင်းအက်ဆေး
အောင်သုတ စေ့ငုရေးသားသည်

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းလိုသည့် စိတ်ဓာတ်ရှိသူ ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်သော ခရီးသွားလုပ်ငန်းမှာ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း (Ecotourism)ဟု ခေါ်ဝေါ်သည်။ ကမ္ဘာသူ ကမ္ဘာသားများ သဘာဝပတ်ဝန်းကျင်မပျက် နေထိုင်စားသောက်နိုင်မည့် နည်းလမ်းသစ်များရှိနေပုံကို ကမ္ဘာလှည့်ခရီးသည်များကိုယ်တိုင် လေ့လာနိုင်ရေးသည် သဘာဝအခြေခံခရီးသွားလုပ်ငန်း၏ အနှစ်သာရပင်ဖြစ်သည်။

ထူးခြားချက်

သဘာဝအခြေခံ ခရီးသွားလုပ်ငန်း၏ ထူးခြားချက်တစ်ရပ်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ၌ ကမ္ဘာလှည့်ခရီးသည်များကိုယ်တိုင် ပါဝင်ဆောင်ရွက်ခွင့် ပေးခြင်းဖြစ်သည်။ ဒေသတစ်ခု၏ ပေါက်ရောက်ပင်များ (Flora)၊ ဒေသတစ်ခု၏ တိရစ္ဆာန်များ(Fauna) နှင့် ယဉ်ကျေးမှုအစဉ်အလာ (Cultural Heritage)တို့ကို ကမ္ဘာလှည့်ခရီးသည်များအားပြသကာ ဝင်ငွေရှာဖွေပေးနိုင်သော စီးပွားရေးလုပ်ငန်းမှာ သဘာဝအခြေခံခရီးသွားလုပ်ငန်းပင်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၆ ❐

ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် ဘုတ်ပြင်းမြို့

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့ မြင်ကွင်းအလှကို ကပ္ပလီပင်လယ်ပြင် နောက်ခံပြု၍ တနင်္သာရီရိုးမတောင်တန်းများနှင့်အတူ ဤသို့ သာမောဖွယ်တွေ့ရသည်။

ရန်ကုန် ဇန်နဝါရီ ၁၀

ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နေ ပြည်သူများသည် ရေလုပ်ငန်းများ လုပ်ကိုင်ကြခြင်းဖြင့် စီးပွားရေးတိုးတက် ခိုင်မာလျက်ရှိကြသည်။ မကြာမီကာလအတွင်း ဆီအုန်း ထုတ်လုပ်ရေး အထူးဇုန်များအတွင်း ဘုတ်ပြင်းမြို့ ပါဝင်လာနိုင်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●

သတင်းခရီးသည်
မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း
အောင်သန်း(မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု
သန်းဇော်(မြန်မာ့အလင်း)